ကွယ်လွန်သူ အိန္ဒိယနိုင်ငံ မွတ်ဖ်သီချုပ်
မောင်လာနာ မွတ်ဖ်သီ ကိဖာယသွလ္လာဟ် သခင်
စီရင်ရေးသားအပ်သော

اصول اسلام

အစ္စလာမ်သာသနာတော်၏
အခြေခံတရားများ အကျဉ်းချုပ်

بسم الله الرحمن الرحيم

نَحْمَدُهُ وَنُصَلِّيْ عَلَى رَسُوْلِهِ الْكَرِيْمِ

အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အလွန်တရာ သနား ကြင်နာတော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

နိဒါန်းစကား

ယခုစာရှုသူ၏ လက်ထဲ၌ရှိသော ဤစာအုပ်ငယ်မှာ ကွယ်လွန်သူ အိန္ဒိယနိုင်ငံ မွတ်ဖ်သီချုပ်၊ မောင်လာနာ မွတ်ဖ်သီ ကိဖာယသွလ္လာဟ် သခင် (ရဟ်မသွလ္လာဟ် အလိုက်ဟ်) စီရင်ရေးသားအပ်သော (Chart) စာချုပ်ကို ဘာသာပြန်ဆိုထားသော စာအုပ်ငယ်ပင်ဖြစ်ပေသည်။

ကွယ်လွန်သူ အိန္ဒိယနိုင်ငံ မွတ်ဖ်သီချုပ်၊ မောင်လာနာ မွတ်ဖ်သီ ကိဖာယသွလ္လာဟ် သခင်သည် မွတ်စ်လင်မ်များ အမြဲထာဝရ လိုက်နာ ကျင့်သုံးကြရမည်သာ ဖြစ်သော အစ္စလာမ် အခြေခံတရားများကို လွယ်လင့် တကူ လေ့လာမှတ်သားနိုင်ကြရန် (Chart) စာချုပ်တစ်ခုထဲတွင် အုရ်ဒူ ဘာသာဖြင့် လှပတင့်တယ်စွာ ပုံနှိပ်ထုတ်ဝေခဲ့သည်။

ကျွန်ုပ်တို့အနေနှင့်မူကား စာချုပ်အဖြစ် ထုတ်ဝေခြင်းဖြင့်ကြာရှည်စွာ အသုံးပြု၊ အကျိုးခံစားနိုင်ကြမည် မဟုတ်သောကြောင့် လူတိုင်း လူတိုင်း အမြဲ လေ့လာနိုင်ရေးကို ရှေးရှုကာ "အစ္စလာမ်သာသနာတော်၏ အခြေခံတရားများ အကျဉ်းချုပ်" ဟူသော အမည်နှင့် စာအုပ်ငယ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပေသည်။ ဘာသာပြန်ဆိုရာ၌လည်း အချို့နေရာများတွင် ဖြည့်စွက်ခြင်း၊ လွယ်ကူစွာ နားလည်နိုင်ရန် တစ်နည်းတစ်ဖုံ ပြောင်းလဲပြန်ဆိုခြင်းတို့ကို ပြုလုပ်ခဲ့ပေသည်။

အလ္လာဟ်အရှင်မြတ်သည် မူရင်း (Chart) စာချပ်ကို စီရင် ရေးသား ခဲ့သော ကွယ်လွန်သူ မွတ်ဖ်သီချုပ်အားလည်းကောင်း၊ ဘာသာ ပြန်ဆိုသူအား လည်းကောင်း၊ နှစ်ဘဝစလုံး၏ သုခချမ်းသာ အကျိုးကျေးဇူးများကို ချီးမြှင့်ပေးသနားတော်မူပါစေသတည်း။ (အာမီးန်)

(ဘာသာပြန်ဆိုသူ)

بسم الله الرحمن الرحيم

ကလိမာဟ်သွိုက်ယိဗဟ်

لَا إِلٰهَ إِلَّا اللّٰهُ مُحَمَّدٌ رَسُوْلُ اللّٰهِ

အဓိပ္ပါယ်။ အလ္လာဟ်အရှင်မြတ်မှ တစ်ပါး ပူဇော်ဆည်းကပ်ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျဉ်းမရှိ။ မုဟမ္မဒ်သခင်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ဖြစ်တော်မူ၏။

အီမာနေမုဖတ်ဆွလ်

آمَنْتُ بِاللّٰهِ وَمَلَائِكَتِهِ وَكُتُبِهِ وَرُسُلِهِ وَالْيَوْمِ الْآخِرِ، وَالْقَدْرِ خَيْرِهِ وَشَرِّهِ مِنَ اللّٰهِ تَعَالَى، وَالْبَعْثِ بَعْدَ الْمَوْتِ.

အဓိပ္ပါယ်။ ။ ကျွန်တော်မျိုး (ကျွန်တော်မျိုးမ) သည် အလ္လာဟ်အရှင်မြတ်ကို လည်းကောင်း၊ ထိုအရှင်မြတ်၏ "မလာအိကဟ်" ကောင်းကင်တမန်အပေါင်းတို့ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ဒေသနာတော်ကျမ်းဂန်အပေါင်းတို့ကို လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ် တမန်တော်အပေါင်းတို့ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ အကောင်းအဆိုးတင်ကူးပြဋ္ဌာန်းချက် အပေါင်းတို့သည် မြင့်မြတ်လှတော်မူသော အလ္လာဟ်အရှင်မြတ် အထံတော်မှ ဖြစ်ကြောင်းကိုလည်းကောင်း၊ သေပြီးသည့်နောက် တစ်ဖန်ရှင်ပြန်ထရမည် ဖြစ်ကြောင်းကိုလည်းကောင်း ယုံကြည်ပါ၏။

အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍လည်းကောင်း၊ ထိုအရှင်မြတ်၏ ဂုဏ်ရည်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ယုံကြည်ထားရှိရမည့် အယူဝါဒများ

အလ္လာဟ် အရှင်မြတ်သည် တစ်ဆူတည်း ဖြစ်တော်မူ၏။ ထို အရှင်မြတ်သည် ကမ္ဘာ့ခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ စိုးပိုင်တော်မူသော အရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၌ တွဲဖက်ဟူ၍ လည်းကောင်း၊ ဂုဏ်ရည်တူဟူ၍လည်းကောင်း အလျဉ်းမရှိ။ ထိုအရှင်မြတ်၌ သားသမီးဟူ၍လည်းကောင်း၊ ဆွေမျိုးတော်စပ်သူ ဟူ၍လည်းကောင်း၊ တစ်ဦး တစ်ယောက်မျှမရှိ။ ထိုအရှင်မြတ်၌ အစလည်းမရှိ၊ အဆုံးလည်းမရှိ။ အတိတ်တွင် အမြဲရှိတော်မူပြီး၊ အနာဂတ်တွင်လည်း အမြဲရှိတော်မူမည့် နိစ္စ ထာဝရအရှင် ဖြစ်တော်မူ၏။



အရောင်အဆင်း၊ အနံ့အသက်၊ ခန္ဓာကိုယ်၊ ခန္ဓာကိုယ်နှင့် သက်ဆိုင်သောအကြောင်းကိစ္စအလုံးစုံတို့မှ လုံးဝ ကင်းရှင်းတော်မူ၏။ ထိုအရှင်မြတ်သည် အိပ်စက်တော်မူခြင်းလည်း မရှိ။ မေ့လျော့တော်မူသည်လည်းမဟုတ်။ ချို့တဲ့မှုအပေါင်းတို့မှ ကင်းစင်တော်မူ၏။ အကြွင်းမဲ့ ကြားတော်မူသော အရှင်၊ အကြွင်းမဲ့ မြင်တော်မူသော အရှင်၊ အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူ၏။ ကမ္ဘာပေါ်ရှိ ဖန်ဆင်းအပ်သည့် သေးငယ်သော အဖန်ဆင်းခံပင်ဖြစ်စေ၊ ကြီးမားသော အဖန်ဆင်းခံပင်ဖြစ်စေ အလုံးစုံတို့မှာ ထိုအရှင်မြတ်၏ အာဏာစက် အတွင်း၌သာ ရှိကုန်၏။ ကျွန်ုပ်တို့၏ ကျန်းမာမှု၊ ရောဂါဝေဒနာခံစားရမှု၊ အသက်ထင်ရှားရှိနေမှု၊ သေဆုံးမှု၊ စားနပ်ရိက္ခာရရှိမှုနှင့် သားသမီးရရှိမှု အစရှိသည်တို့မှာ ထိုအရှင်မြတ်၏ ကျေးဇူးတော်များ ဖြစ်သည့်ပြင်၊ ထိုအရှင်မြတ်၏ လက်တော်တွင်း၌သာ ရှိကုန်၏။ ထိုအရှင်မြတ်သည် နမ်းစေ့ခန့်မျှဖြစ်သော အရာများကိုပင် သိရှိတော်မူသော သဗ္ဗညုတ

ဉာဏ်တော်ရှင် ဖြစ်ပေရာ မည်သည့်အရာမျှပင် ထိုအရှင်မြတ်၌ ဖုံးကွယ်လျက်မရှိပေ။ စိတ်နှလုံးအတွင်း၌ရှိသော လျှို့ဝှက်ချက်များပင်ဖြစ်စေ၊ သမုဒ္ဒရာ ရေအောက်တွင်ရှိသော အရာများပင်ဖြစ်စေ အလုံးစုံတို့သည် ထိုအရှင်မြတ်၏ မျက်မှောက်၌သာရှိကုန်၏။ ထိုအရှင်မြတ်သည် မိမိအလိုရှိရာကို ပြုလုပ်တော်မူ၏။ ထိုအရှင်မြတ်အား တားမြစ်နိုင်သူဟူ၍ အလျဉ်းမရှိပေ။ အရာခပ်သိမ်းတို့သည် ထိုအရှင်မြတ်၏ တန်ခိုးတော်ဖြင့် ထိုအရှင်မြတ် အလိုရှိတော်မူသည့်အခါ ဖြစ်ပေါ်၍ လာကြရကုန်၏။ ထိုအရှင်မြတ်သည်သာလျှင် အကွယ်၌ရှိသော အရာခပ်သိမ်းတို့ကို သိရှိတော်မူသော အရှင်ဖြစ်တော်မူ၏။ ဤဂုဏ်ရည်နှင့် စပ်လျဉ်း၍ ထိုအရှင်မြတ်၌ တွဲဖက်ဟူ၍လည်းကောင်း၊ ယှဉ်ပြိုင်ဖက်ဟူ၍ လည်းကောင်း၊ အလျဉ်းမရှိချေ။ ထိုအရှင်မြတ်အပေါ် သြဇာပေးနိုင်သူဟူ၍ အလျဉ်းမရှိ။ ထိုအရှင်မြတ်သည် ခွန်အားကြီးမားဆုံးသော အနန္တတန်ခိုးတော်ရှင် ဖြစ်တော်မူ၏။ လူခပ်သိမ်းတို့၏ လိုအင်ဆန္ဒအဝဝတို့ကို ဖြည့်စွမ်းနိုင်သော တန်ခိုးသတ္တိမှာလည်း ထိုအရှင်မြတ်မှတပါး အခြားတစ်ဦးတစ်ယောက်၌မျှ အလျဉ်းမရှိချေ။

ရစူလ်၊ နဗီတမန်တော်များနှင့်ပတ်သတ်၍ ယုံကြည်ထားရှိရမည့် အယူဝါဒများ

ကမ္ဘာသူ ကမ္ဘာသားတို့အား တရားလမ်းမှန်ကို ညွှန်ကြားပြသရန် အလို့ငှာ၊ အလ္လာဟ်အရှင်မြတ်သည် မြောက်မြားစွာသော ရစူလ် တမန်တော်များ၊ နဗီတမန်တော်များအား စေလွှတ်တော်မူခဲ့၏။ ပထမဦးဆုံး ပွင့်တော်မူ သော နဗီတမန်တော်မှာ အာဒမ် عليه السلام ဖြစ်တော်မူ၍ နောက်ဆုံးတွင် ပွင့်တော်မူသော နဗီတမန်တော်မှာ မုဟမ္မဒ် ﷺ ဖြစ်တော်မူသည်။ ထို နဗီတမန်တော်နှစ်ပါး၏ အကြားတွင် ပွင့်တော်မူခဲ့ကြကုန်သော နဗီ၊ ရစူလ်တမန်တော် အပေါင်းတို့မှာ

မုချအမှန် ဖြစ်ကြကုန်၏။ နဗီရစူလ် တမန်တော် အပေါင်းတို့၏ အရေအတွက် အတိအကျ ကို အလ္လာဟ်အရှင်မြတ်သာလျှင် သိရှိတော်မူ၏။

နဗီ၊ ရစူလ် တမန်တော်အပေါင်းတို့မှာ လူသားပကတိ ဖြစ်ကြသည် သာမက အလ္လာဟ်အရှင်မြတ်၏ ဘန္ဒဟ်များလည်း ဖြစ်ခဲ့ကြကုန်၏။ သို့တစေ လည်း ပြစ်မှုဒုစရိုက်အပေါင်းတို့မှလည်းကောင်း၊ ချွတ်ချော်မှားယွင်းမှု အပေါင်း တို့မှလည်းကောင်း ကင်းစင်ခဲ့ကြကုန်၏။ အလ္လာဟ်အရှင်မြတ်၏ အကြည် တော်များ ဖြစ်ခဲ့ကြကုန်၏။ ထိုနဗီ၊ ရစူလ်တမန်တော်အပေါင်းတို့ အနက် အိဗ်ရာဟီမ်၊ မူစာနှင့် အီစာ عليه السلام တို့မှာ ထူးကဲမြင့်မြတ်တော်မူ ကြကုန်၏။

ကျွန်ုပ်တို့၏ နဗီ၊ ရစူလ် မုဟမ္မဒ်သခင် ﷺ မှာမူကား နဗီ၊ ရစူလ်တမန်တော်အပေါင်းတို့အနက်အမြင့်မြတ် ဆုံးသော နဗီ၊ ရစူလ် တမန်တော် ဖြစ်တော်မူသည့် အပြင်၊ နောက်ဆုံး၌ ပွင့်တော်မူခဲ့သော၊ နဗီ၊ ရစူလ် တမန်တော်လည်း ဖြစ်တော်မူ၏။ ကိုယ်တော်မြတ် ပွင့်တော်မူခဲ့ပြီးနောက် မည်သူမျှ နဗီတမန်တော် အလျဉ်းမဖြစ်နိုင်တော့ပြီ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်မြတ်သည် ရှရီအသ်တရားတော်ကို အပြည့်အစုံ သင်ကြားပို့ချတော်မူခဲ့ပြီး ဖြစ်သော ကြောင့်ပင်။ ကိုယ်တော်မြတ်သည် ကမ္ဘာ့ခပ်သိမ်းတို့အဖို့ နဗီတမန်တော် အဖြစ် ပွင့်တော်မူခဲ့သည်ဖြစ်ရာ ကိုယ်တော်မြတ် ပွင့်တော်မူခဲ့ပြီးနောက် ကိုယ်တော်မြတ်အား မယုံကြည်ဘဲ ဂျဟန္နမ်ငရဲဘုံမှ အလျဉ်း လွတ်မြောက်နိုင် မည် မဟုတ်ပြီ။

ကုရ်အာန်ကျမ်းတော်မြတ်သည် ကိုယ်တော်မြတ်၏ ကမ္ဘာ့တစ်သက် တည်ရှိအံ့သော "မုအ်ဂျိဇာဟ်" တန်ခိုးပြာဋိဟာဖြစ်သည်။ ကိုယ်တော်မြတ်၏ အတ္ထုပ္ပတ္တိသမိုင်းမှာ ကိုယ်တော်မြတ် ﷺ ရစူလ်တမန်တော်ဖြစ်ကြောင်း သက်သေသာဓကပင် ဖြစ်ပေသည်။ ကိုယ်တော်မြတ်သည် စာပေလေ့လာ သင်ကြားတော်မူခဲ့ခြင်း မရှိသော်ငြားလည်း အလ္လာဟ်အရှင်မြတ်မှ လွဲ၍ အသိပညာ အရှိဆုံးပင် ဖြစ်တော်မူ၏။ သို့ရာတွင် ကိုယ်တော်မြတ်သည်

"အာလိမွလ်ဂိုက်ဗ်" အကွယ်၌ ရှိသည်တို့ကို သိတော်မူသည်မဟုတ်ပေ။ "အာလိမွလ်ဂိုက်ဗ်" ဖြစ်ခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ အထူး "ဝိသေသ" ဂုဏ်ထူးတစ်ရပ်ပင် ဖြစ်ချေသည်။ သို့တစေလည်း အလ္လာဟ်အရှင်မြတ်သည် အတိတ်နှင့် အနာဂတ်အကြောင်းများအနက် များစွာသော အကြောင်းများနှင့် စပ်လျဉ်း၍ ကိုယ်တော်မြတ်အား အသိပေးတော်မူခဲ့ပေသတည်း။

"မလာအိကဟ်" ကောင်းကင်တမန်တော်တို့နှင့် ပတ်သက်၍ ထားရှိရမည့် အယူဝါဒများ

"မလာအိကဟ်"ကောင်းကင်တမန်တို့သည် "နူရ်" ရောင်ခြည်ဖြင့်၊ ဖန်ဆင်း အပ်သော အလွန်တရာ နူးညံ့သိမ်မွေ့သည့် သတ္တဝါတစ်မျိုး ဖြစ်ကြသည်။ ၎င်းတို့၏ ခန္ဓာများမှာ ထုထည်ရှိသော ခန္ဓာကိုယ် မဟုတ်သော ကြောင့် ကျွန်ုပ်တို့သည် မမြင်နိုင်ကြပေ။ ကောင်းကင်တမန်တော်များသည် ယောကျ်ားများလည်းမဟုတ်၊ မိန်းမများလည်းမဟုတ်၊ သားသမီးပေါက်ဖွား ခြင်းလည်း မရှိကြပေ။ ကျွန်ုပ်တို့ကဲ့သို့ သေဆုံးကြရသည်လည်းမဟုတ်၊ ကိလေသာ တဏှာရာဂများမှ လည်းကောင်း၊ ပြစ်မှုဒုစရိုက် ကျူးလွန်ခြင်းမှ လည်းကောင်း၊ ကင်းစင်ကြကုန်၏။ အလ္လာဟ်အရှင်မြတ်သည် ကမ္ဘာလောက ကြီး၏ များစွာသောတာဝန်များ၊ စီမံခန့်ခွဲမှုများကို ကောင်းကင် တမန်များအား လွှဲအပ်ထားတော်မူသည်ဖြစ်ရာ၊ ၎င်းတို့သည် ထိုတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်လျက်ရှိကြကုန်၏။ ကောင်းကင်တမန်တို့၏ အရေအတွက်ကို အလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သူမျှ မသိချေ။ ၎င်းတို့အနက် လေးပါးမှာ ကြီးကဲမြင့်မြတ်လှသော ကောင်းကင်တမန်များ ဖြစ်ကြပေသည်။

(၁) "ဂျိဗ်ရအီလ်" عَلَيْهِ السَّلَام သည် နဗီတမန်တော်များထံ အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်များကို ပို့ဆောင်ခြင်းတာဝန်ကို ထမ်းဆောင်ခဲ့၏။

(၂) အိဇ်ရာအီလ် عليه السلام သတ္တဝါများ၏ အသက်ဇီဝိန်ကို နှုတ်ယူသော တာဝန်ကို ထမ်းဆောင်ရ၏။

(၃) "မီကာအီလ်" عليه السلام မိုးရွာခြင်း၊ သတ္တဝါအပေါင်းကို စားနပ်ရိက္ခာ ပို့ဆောင်ခြင်း တာဝန်များကို ထမ်းဆောင်ရလေ၏။

(၄) "အစ္စရာဖီလ်" عليه السلام "ကိယာမသ်" ကမ္ဘာပျက်မည့်နေ့တွင် တံပိုးခရာမှုတ်သော တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်၏။ တံပိုးခရာမှုတ်သောအခါ ကမ္ဘာတစ်ခုလုံး ပျက်စီးသွားပေမည်။ ဒုတိယအကြိမ် မှုတ်သောအခါ အားလုံး တစ်ဖန်ရှင်ပြန်ထရပေမည်။

မိုးကောင်းကင်မှ ကျရောက်သော ကျမ်းဂန်များနှင့် စပ်လျဉ်း၍ ယုံကြည်ထားရမည့် အယူဝါဒများ

အလ္လာဟ် အရှင်မြတ်သည် အချို့နဗီ တမန်တော်များအား ဝေနေယျ သတ္တဝါများအဖို့ အမိန့်ပညတ်တော်များ ပါရှိသော ကျမ်းဂန်များကို ချီးမြှင့်ပေးသနားတော် မူခဲ့၏။

"အိဗ်ရာဟီမ်" عليه السلام ၏ထံသို့ ကျမ်းငယ်အစောင်စောင်ကို လည်းကောင်း၊ "မူစာ" عليه السلام ၏ ထံသို့ "သောင်ဝ်ရာသ်" ကျမ်းတော်ကို လည်းကောင်း၊ "ဒါဝူဒ်" عليه السلام ၏ ထံသို့ "ဇဗူရ်" ကျမ်းတော်ကို လည်းကောင်း၊ "အီစာ" عليه السلام ထံသို့ "အင်န်ဂျီလ်" ကျမ်းတော်ကို လည်းကောင်း ထုတ်ပြန်တော်မူခဲ့၏။ သို့ရာတွင် ထိုကျမ်းဂန်တို့တွင် လူတို့သည် ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြသည်ဖြစ်ရာ ထိုကျမ်းများသည် မိုးကောင်းကင်မှ ကျရောက်လာသော မူရင်းကျမ်းတော်များအတိုင်း မဟုတ်တော့ပေ။

"ကုရ်အာန်" ကျမ်းတော်မြတ်သည် နောက်ဆုံး၌ ပွင့်တော်မူသော ကျွန်ုပ်တို့၏ နဗီ၊ ရစူလ်တမန်တော် မုဟမ္မဒ်သခင် ﷺ ထံသို့ ကျရောက်ခဲ့၏။ ယနေ့ထိ တိုင်အောင် ထို ကုရ်အာန် ကျမ်းတော်မြတ်တွင် ဝစ္စပေါက် တစ်ခု၊ စာတစ်လုံးမျှပင် အပိုအလို မရှိခဲ့သည် သာမက၊ အနာဂတ်တွင်လည်း အလျဉ်းရှိနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ပေရာ ထိုကုရ်အာန် ကျမ်းတော်လာ မည်သည့်အကြောင်းတစ်ရပ်ကို မဆို ငြင်းပယ်ခဲ့လျှင် ကာဖစ်ရ် ဖြစ်သွားပေမည်။ အလ္လာဟ်အရှင်မြတ်သည် ပင်လျှင် ကုရ်အာန်ကျမ်းမြတ်ကို ချပေးသနားတော်မူခဲ့၏။ ထိုအရှင်မြတ် ကိုယ်တော်တိုင်ပင် ယင်းကျမ်းတော်မြတ်ကို ထိန်းသိမ်းတော်မူမည်ဖြစ်၏။ ယနေ့လည်း ကမ္ဘာ့အနှံ့အပြားတွင် သန်းပေါင်း များစွာသော မွတ်စ်လင်မ်တို့၏ ရင်တွင်းဝယ် ထိန်းသိမ်း၍ ထားရှိပြီး ဖြစ်ချေသတည်း။

"ကဗရ်" သင်္ချိုင်းနှင့်စပ်လျဉ်းသော အယူဝါဒ (ယုံကြည်ချက်)များ

လူသားတို့သည် သေဆုံးပြီးနောက် "အီမာန်" ယုံကြည်မှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ "ကုဖ်ရ်" သွေဖည် ငြင်းပယ်မှုနှင့် စပ်လျဉ်း၍ လည်း ကောင်း၊ ကောင်းမှု၊ မကောင်းမှု တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ အကျိုး အပြစ်ပေးခြင်းတို့ကို မုချခံကြရမည် ဖြစ်သည်။ "ကဗရ်" သင်္ချိုင်းမှာမူကား တမလွန်ဘဝ၏ ပထမစခန်းပင် ဖြစ်ပေသည်။ သင်္ချိုင်းတွင်းဝယ် "မွန်ကရ်" နှင့် "နကီရ်" အမည်ရှိ ကောင်းကင် တမန်နှစ်ပါး ရောက်ရှိလာပြီးလျှင်၊ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် မည်သူနည်းဟူ၍လည်းကောင်း၊ အသင် သက်ဝင်ယုံကြည်သော သာသနာသည် အဘယ်နည်း ဟူ၍လည်းကောင်း၊ မုဟမ္မဒ်သခင်သည် မည်သူနည်းဟူ၍လည်းကောင်း စစ်ဆေးမေးမြန်းကြပေသည်။ သူသေမှာ

"မုအ်မင်န်" ဖြစ်ခဲ့လျှင် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မှာ အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူကြောင်း၊ ကျွန်ုပ်ယုံကြည်လက်ခံသော သာသနာမှာ အစ္စလာမ်သာသနာပင်ဖြစ်ကြောင်း၊ မုဟမ္မဒ်သခင်မှာ အလ္လာဟ် အရှင်မြတ်၏ ရစူလ်တမန်တော်မြတ်ပင် ဖြစ်တော်မူကြောင်း ဖြေကြား လေ့ရှိပေရာ၊ ထိုသူ၏အဖို့ သင်္ချိုင်းမှာကျယ်ဝန်းသွားလေသည်။ "ကိယာမသ်" ရှင်ပြန်ထမည့်နေ့အထိ ကောင်းမွန်ချမ်းသာစွာ နေရလေသည်။

အကယ်၍ သူသေမှာ "ကာဖိရ်" သွေဖည် ငြင်းပယ်သူ သော်လည်းကောင်း၊ "မုနာဖစ်က်" အယောင်ဆောင် မွတ်စ်လင်မ် သော်လည်းကောင်း ဖြစ်ခဲ့မူ၊ မှန်ကန်စွာ ဖြေကြားနိုင်ခြင်း မရှိသဖြင့် အမျိုးမျိုးသော အပြစ်ဒဏ်ကို ခံစားရလေသည်။ "ကိယာမသ်" တိုင်အောင် ယင်းကဲ့သို့ ခံစားလျက်ရှိပေမည်။

ဘဝအမျိုးမျိုးပြောင်းလဲခြင်းဟူသော အယူဝါဒမှာ ယုတ္တိယုတာ အလျဉ်းမရှိ။ လုံးဝမှားယွင်းသော အယူဝါဒပင်ဖြစ်ပေသည်။ လူသားတို့သည် အခြားခန္ဓာကိုယ်တွင်း၌ ကူးပြောင်းဝင်ရောက်ခြင်း အလျဉ်းမရှိချေ။ မိမိတို့ပြု လုပ်ခဲ့သောကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးအပြစ်တို့ကို သင်္ချိုင်းတွင်း၌ ခံစား၊ စံစားကြရသည်သာ ဖြစ်ပေသည်။ တမလွန်ဘဝ၌လည်း ခံစား၊ စံစား ကြရဦးမည် ဖြစ်သည်။ သင်္ချိုင်းတွင်း၌ ပြစ်ဒဏ်ခံစားရခြင်းမှာ အမှန်ပင်ဖြစ် သည်။ သင်္ချိုင်းတွင်းဟုဆိုခြင်းမှာ မြေကြီး၌တူးထားသော တွင်းကိုသာ ဆိုလို သည်မဟုတ်၊ သေပြီးနောက် အချိန်မှစ၍ "ကိယာမသ်" ရှင်ပြန်ထမည့်နေ့၏ ကြားကာလကို ဆိုလိုသည်။

"ကိယာမသ်" ကမ္ဘာပျက်မည့်နေ့နှင့်လည်းကောင်း၊ "ဟာရှ်ရ်" စုရုံးခြင်းနှင့်လည်းကောင်း စပ်လျဉ်းသော အယူဝါဒ (ယုံကြည်ချက်များ)

"ကိယာမသ်" ကမ္ဘာပျက်မည့်နေ့ မကျရောက်မီ ဒဂ်ျဂျာလ် ထွက်ပေါ်လာခြင်း၊ မစိဟ်အိစာသခင်နှင့် "မဟ်ဒီ" သခင်တို့ ကြွရောက်လာခြင်း၊ မှန်ကန်သော ဟဒီးဆ်တော်များနှင့် သာဓကအဖြစ်ကိုးကားတင်ပြနိုင်လောက်အောင် ခိုင်လုံသော ဟဒီးဆ်တော်များ၌ ပါရှိပြီးဖြစ်သော အကြောင်းကိစ္စများဖြစ်ပေါ်လာခြင်းတို့မှာ မုချအမှန်ဖြစ်သည်။ ဖော်ပြပါအချက်အလက် အကြောင်းကိစ္စ အားလုံးဖြစ်ပေါ်လာပြီးမှသာလျှင် "ကိယာမသ်" ဖြစ်ပေမည်။ ထိုအခါ မိုးကောင်းကင်များသည် လည်းကောင်း၊ ကမ္ဘာမြေသည်လည်းကောင်း၊ မိုးကောင်းကင်များနှင့် ကမ္ဘာမြေရှိ သက်ရှိသက်မဲ့အလုံးစုံတို့မှာ သေကြေပျက်စီးသွားကြပေမည်။ ထို့နောက်တဖန် အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်ကိုလည်းကောင်း၊ ကမ္ဘာမြေကိုလည်းကောင်း၊ ထပ်မံ၍ဖန်ဆင်းတော်မူမည်။ လူသားတို့အား လည်း ရှင်ပြန်ထစေတော်မူမည်။ အလ္လာဟ်အရှင်မြတ်သည် တရားရုံးတော် ဖွင့်တော်မူမည်။ လူသားတို့၏ ကောင်းမှုသုစရိုက်များနှင့် မကောင်းမှုဒုစရိုက်များ စစ်ဆေးမေးမြန်းခြင်း၊ ချိန်စက်ခြင်းခံရမည်။ "ဆိရာသ်"ခေါ် တံတားပေါ်မှ ဖြတ်ကူး၍သွားကြရမည်။ ကာဖစ်ရ် မိစ္ဆာဒိဋ္ဌိတို့သည် အမြဲထာဝရ "ဂျဟန္နမ်" ငရဲဘုံ၌ နေကြရမည်။ မွတ်စ်လင်မ်များသည် ပြစ်မှုဒုစရိုက်များ၏ ပြစ်ဒဏ်ကိုခံစားကြရန် ဂျဟန္နမ်လားကြရမည်။ ထို့နောက် ဂျန္နသ်သုခဘုံသို့ ရောက်ရှိကာ အမြဲထာဝစဉ် နေထိုင်ခွင့် ရရှိကြပေမည်။ ရစူလ်ကိုယ်တော်မြတ်သည် အပြစ်ကျူးလွန်သော မွတ်စ်လင်မ်တို့အဖို့ အလ္လာဟ်အရှင်မြတ် အထံတော်တွင် "ရှဖာအသ်" ကြားဝင်အသနားခံပေးတော်မူမည်။ အလ္လာဟ်အရှင်မြတ်က

လည်း ကိုယ်တော်မြတ်၏ ကြားဝင်အသနားခံခြင်းကို သဘောတူ လက်ခံတော်မူမည်။ ထို့အတူ သူတော်စင်များကလည်း အပြစ်ရှိသူတို့အား ကြားဝင်အသနားခံ ပေးကြမည်။ ကလေးသူငယ်များကလည်း ကြားဝင်အသနားခံ၍ ပေးကြဦးမည်။ အထက်ဖော်ပြပါ ကြားဝင်အသနားခံပေးမှုတို့မှာ အလ္လာဟ် အရှင်မြတ်၏ ခွင့်ပြုချက်အရ သာလျှင် ဖြစ်ကြရပေမည်။

အစ္စလာမ်သာသနာတော်၏မဏ္ဍိုင်(၅)ရပ်

အစ္စလာမ်သာသနာတော်တွင် မဏ္ဍိုင် ၅ရပ် ရှိသည်။ ၎င်းတို့ကို အုတ်မြစ်ဟူ၍ လည်းကောင်း၊ အခြေအမြစ်ဟူ၍ လည်းကောင်း၊ အခြေခံဟူ၍ လည်းကောင်း၊ အရင်းမူလဟူ၍လည်းကောင်း၊ အမျိုးမျိုးခေါ်ဆို နိုင်ပေသည်။ ၎င်းတို့မှာ (၁)သောင်ဟ်ဝ်ဟီးဒ်။ (၂)ဆွလာသ်ဝတ်ပြုခြင်း။ (၃)ဇကာသ်ပေးဆောင်ခြင်း။ (၄)ဆွိယာမ်ဥပုသ်သီလဆောက်တည်ခြင်း။ (၅)ဟဂျ်ပြုခြင်းတို့ ဖြစ်ကြသည်။ ၎င်းတို့အနက် ပထမအဓိကအချက်မှာ အလ္လာဟ်အရှင်မြတ် တစ်ဆူတည်း ဖြစ်တော်မူကြောင်း၊ အစစအရာရာတွင် အကယ်စင်စစ် ခြယ်လှယ်နိုင်သော အရှင်မှာ တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်သာလျှင် ဖြစ်တော်မူကြောင်း လေးနက်စွာ ယုံကြည်ခြင်းပင် ဖြစ်ပေသည်။ ဤသည်ကိုပင် "သောင်ဟ်ဝ်ဟီးဒ်" ဟု ခေါ်ဝေါ်ပညတ်ခြင်းဖြစ်သည်။ ထို့နောက် ဒုတိယအဓိကအချက်မှာ "ဆွလာသ်" ဝတ်ပြုခြင်း၊ ထို့နောက် တတိယအဓိကအချက်မှာ "ဇကာသ်" ပေးဆောင်ခြင်း၊ ထို့နောက် စတုတ္ထ အဓိကအချက်မှာ "ဆွိယာမ်" ဥပုသ်သီလဆောက်တည်ခြင်း၊ ထို့နောက် ပဉ္စမ အဓိကအချက်မှာ "ဟဂျ်" ပြုခြင်းတို့ ဖြစ်ကြပေသည်။

ရေနှင့်စပ်လျဉ်းသော အမိန့်ပညတ်များ
(ရေတွင်းနှင့်စပ်လျဉ်းသော အမိန့်ပညတ်များ)

အနည်းငယ်သောရေ၌ အညစ်အကြေး ကျခဲ့လျှင်၊ ထိုရေမှာ မသန့်ဖြစ်သွားပေ၏။ အနည်းငယ်သောရေ ဆိုသည်မှာ စီးတွေ ခြင်းမရှိသော၊ လေးဆယ့်လေး(၄၄)တောင် ပတ်လည် (ဝါ)စတုရန်းပေသုံးရာ သုံးဆယ် (၃၃၈) ထက်လျော့နည်းသော ရေအားလုံး ကို ဆိုလိုသည်။

အကယ်၍ ရေတွင်းထဲ၌ အညစ်အကြေးကျခဲ့လျှင် ထိုအညစ်အကြေးသည် များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ ရေတွင်း၌ရှိသောရေမှာ မသန့်ဖြစ်သွားပေမည်။ ထိုအတူပင် ယိုစီးသော သွေးရှိသည့် တိရစ္ဆာန်ကျ၍ သေခဲ့လျှင်လည်း ရေတွင်းမှာ မသန့်ဖြစ်သွားပေမည်။ အကယ်၍ ရေတွင်းထဲသို့ အရက်သော်လည်းကောင်း၊ သွေးသော်လည်းကောင်း၊ ကျင်ကြီးကျင်ငယ် သော်လည်းကောင်း၊ တစ်စက်မျှကျခဲ့လျှင်၊ သို့မဟုတ် မသန့်သော အဝတ်ကျ ခဲ့လျှင် သို့မဟုတ် ခန္ဓာကိုယ်၌ဖြစ်စေ၊ အဝတ်အစား၌ဖြစ်စေ၊ အညစ်အကြေး လူးကပ်ပေကျံလျက်ရှိသော လူတစ်ဦးတစ်ယောက်သည် ရေငုပ်ခဲ့လျှင်၊ သို့မဟုတ် ဝက်တိရစ္ဆာန်ကျ၍ မသေဘဲပြန်ထွက်ခဲ့လျှင်၊ သို့မဟုတ် မြင်း၊ မြည်း၊ ကုလားအုတ်၊ ကျွဲ၊ ခွေး၊ ကြောင် (၂) ကောင်ကျ၍သေခဲ့လျှင် ရေတွင်း မှာ မသန့်ဖြစ်သွားပေမည်။ သို့ဖြစ်ရာ ရေတွင်း၌ရှိသောရေကို ကုန်စင်အောင် ခပ်၍ ထုတ်ပစ်ရမည်။

အကယ်၍ ကြွက်သော်လည်းကောင်း၊ စာကလေးသော် လည်း ကောင်း၊ စာကလေး သို့မဟုတ် ကြွက်အရွယ်မျှရှိသော အခြားတိရစ္ဆာန် သော် လည်းကောင်း ကျ၍သေခဲ့လျှင် ရေတွင်းမှရေကို ပုံး (၂၈) ငင်၍ ထုတ် ပစ်ရမည်။ အကယ်၍ ခို၊ ကြက်၊ ကြောင် သို့မဟုတ် ထိုမျှကြီးသော အခြား

တိရစ္ဆာန်တစ်ကောင်ကျ၍ သေခဲ့လျှင် ပုံး (၄၀) ထုတ်ပစ်ရမည်။ ပုံးဟူသည် ရေတွင်၌ရှိသော အမြဲရေခပ်သုံးနေကျ ရေပုံးကိုဆိုလိုသည်။

အကယ်၍ ရေတွင်းထဲရှိသော ရေအားလုံးကို ကုန်စင်အောင် ခပ်၍ ထုတ်ပစ်ရန် တာဝန်ရှိနေသော်လည်း ရေတွင်းမှ ရေအဆက်မပြတ် ထွက်နေသောကြောင့် ရေကိုကုန်စင်အောင် ထုတ်မပစ်နိုင်လျှင် ရှေးဦးစွာ ကျောက်ခဲတစ်လုံးကို ကြိုးဖြင့်ချည်ပြီးလျှင် ရေတွင်းအောက်ထိအောင်ချ၍ ရေမည်မျှရှိသည်ကို ခန့်မှန်းရမည်။ အကယ်၍ ဥပမာ - ရေသည်ဆယ်တောင်နက်လျှင် တစ်နာရီခန့်ရေငင်ပြီးနောက် ရေမည်မျှလျော့သွားသည်ကို ပြန်လည်၍ တိုင်းကြည့်ရမည်။ အကယ်၍ ဥပမာ- ရေတစ်တောင်လျော့ခဲ့လျှင် ထိုနည်းအတိုင်း ဆယ်နာရီအထိ ရေငင်ပစ်ရမည်။

အကယ်၍ တိရစ္ဆာန်တစ်ကောင် ကျသေပြီးနောက် ပုပ်ပွလာခဲ့သော်၊ သို့မဟုတ် ပေါက်ကွဲသွားခဲ့သော် ထိုတိရစ္ဆာန်မှာ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ရေတွင်း၌ရှိသော ရေကိုကုန်စင်အောင် ငင်၍ ထုတ်ပစ်ရမည်။ တစ်ချိန်တည်း၌ ငင်ပစ်သည်ဖြစ်စေ၊ အလီလီငင်ပစ်သည်ဖြစ်စေ၊ ကြိုက်သည့်နည်းဖြင့် ဆောင်ရွက်နိုင်ခွင့် ရှိပေသည်။

ရေထဲ၌ပေါက်၍ ရေထဲ၌ပင် နေထိုင်လေ့ရှိသော တိရစ္ဆာန် ဥပမာ- ငါး၊ လိပ်၊ ဖားစသော ရေသတ္တဝါများ သေခဲ့လျှင် ရေမသန့်မဖြစ်ချေ။ ရေကန်တစ်ခုသော်လည်းကောင်း၊ ရေအိုင်တစ်ခုသော်လည်းကောင်း၊ အလျားအနံ ငါးကိုက်ခွဲစီ၊ သို့မဟုတ် စတုရန်းပေ (၃၃၀) ရှိခဲ့သော် "ဒဟ်ဒရ်ဒဟ်"ဟုခေါ်သည်။ ဤဖော်ပြရေးသားခဲ့သော အမိန့်ပညတ်တော်များကို အထူးဂရုပြု၍ လိုက်နာကျင့်သုံးအပ်ပေသတည်း။

ကျင်ကြီးကျင်ငယ်စွန့်ခြင်းနှင့် အညစ်အကြေး သုတ်သင်ခြင်းနှင့် သက်ဆိုင်သော အမိန့်ပညတ်များ

အညစ်အကြေး သုတ်သင်ခြင်း။

အိမ်သာ မတက်မီ၊

اَللّٰهُمَّ إِنِّيْ أَعُوْذُبِكَ مِنَ الْخُبُثِ وَالْخَبَائِثِ

ရွတ်ဖတ်ရမည်။ ထို့နောက် လက်ဝဲဘက်ခြေကို လှမ်း၍အိမ်သာအတွင်းသို့ ဝင်ရမည်။ အိမ်သာအတွင်းထိုင်သောအခါ "ကစ်ဗ်လဟ်" (အနောက်) ဘက်သို့ မျက်နှာလှည့်၍လည်းကောင်း၊ ကျောပေး၍လည်းကောင်း မထိုင်ရ။ ကျင်ကြီး ကျင်ငယ်စွန့်ပြီးလျှင် မြေကြီးခဲသုံးလုံး သို့မဟုတ် ငါးလုံးဖြင့် အညစ်အကြေး သုတ်သင်ရမည်။ ထို့နောက် ရေဖြင့်စင်ကြယ်အောင် ဆေးကြောရမည်။ ဆေးကြောပြီးနောက် အပြင်သို့ထွက်လာသောအခါ

غُفْرَانَكَ الْحَمْدُ لِلّٰهِ الَّذِيْ أَذْهَبَ عَنِّي الْأَذٰى وَعَافَانِيْ

ဖတ်ရမည်။ ကျင်ကြီးကျင်ငယ်စွန့်သောအခါ မိမိအရှက်အင်္ဂါကို မကြည့်ရ။ အလ္လာဟ်၊ ရစူလ်၏ နာမတော် သို့မဟုတ် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် ရေးသားပါရှိသော လက်စွပ်ကို ဝတ်၍ အိမ်သာမတက်ရ။ ကျင်ငယ်စွန့်ပြီးလျှင် ကျင်ငယ်အစက်များ လုံးဝစင်သွားသည်အထိ မြေကြီးခဲဖြင့် သုတ်သင်ရမည်။ ကျင်ကြီးကျင်ငယ်စွန့်နေစဉ် "စလာမ်" မေတ္တာပို့သခြင်း၊ တစ်စုံတစ်ယောက်က "စလာမ်" မေတ္တာပို့သသည်ကို တုံ့ပြန်ခြင်း အခြားတစ်စုံတစ်ရာပြောဆိုခြင်းတို့ကို မပြုရ။

မြေကြီးခဲဖြင့် အညစ်အကြေးသုတ်သင်ရန် နည်းမှာ ယောက်ျားများသည် နွေဥတု၌ ပထမမြေကြီးခဲ တစ်လုံးကို ရှေ့မှနောက်သို့ ယူသွားရမည်။ ထို့နောက် ဒုတိယခဲလုံးကို နောက်မှရှေ့သို့ ယူလာပြီး၊ တတိယခဲလုံး

ကို ရှေ့မှနောက်သို့ ယူသွားရမည်။ ဆောင်းဥတု၌ ပထမခဲလုံးကို နောက်မှရှေ့သို့၊ ဒုတိယကို ရှေ့မှနောက်သို့၊ တတိယကိုမူ နောက်မှရှေ့သို့ ယူလာရမည်။ အမျိုးသမီးများမှာမူကား ရာသီဥတုမရွေး ပထမခဲလုံးကိုရှေ့မှ နောက်သို့ ယူသွားရမည်။ ယင်းကဲ့သို့ ခဲလုံးဖြင့် သုတ်သင်ပြီးလျှင် ရေဖြင့် အညစ်အကြေးစင်သွားအောင် ဆေးပစ်ရမည်။ မြင်းချေး၊ နွားချေး၊ အရိုး စသည်ဖြင့်လည်းကောင်း၊ အခြားမသန့်သော အရာဝတ္ထု တစ်စုံတစ်ရာဖြင့် လည်းကောင်း အညစ်အကြေးသုတ်သင်ပိုင်ခွင့် မရှိချေ။ အရှက်အင်္ဂါ လပ်နေသော အခါမျိုးတွင် စကားစမြည်ပြောခြင်း နှာချေ၍ اَلْحَمْدُلِلهِ ဆိုခြင်း၊ အခြားတစ်ဦးတစ်ယောက်က နှာချေပြီး اَلْحَمْدُ لِلّٰهِ ဆိုသည်ကို ကြား၍ يَرْحَمُكَ اللّٰهُ ဆိုခြင်း၊ အကြောင်းမဲ့ကြာရှည်စွာ ထိုင်နေခြင်းတို့ကို ပြုပိုင်ခွင့်မရှိပေ။

တွင်းထဲသို့ လည်းကောင်း၊ နိမ့်သောနေရာ၌ ထိုင်၍ အမြင့်ဘက်သို့ လည်းကောင်း၊ မတ်တပ်ရပ်၍လည်းကောင်း၊ ကျင်ငယ်စွန့်ခြင်းသည် မတ်ကရူဟ် ဖြစ်သည်။ တွင်းထဲသို့ ကျင်ငယ်စွန့်ခြင်းသည်(ရန်မူတတ်သော ပိုးမွှား တိရစ္ဆာန်များ ထွက်လာနိုင်သောကြောင့်) အန္တရာယ်မကင်းဖြစ်သည်။ ရေချိုးခန်း၌ ကျင်ငယ်စွန့်ခြင်းသည်လည်း မတ်ကရူဟ်ပင် ဖြစ်ပေသည်။ ထို့ အတူ လက်ယာလက်ဖြင့် အညစ်အကြေးသုတ်သင်ခြင်း၊ ကျင်ကြီးကျင်ငယ် စွန့်နေစဉ် တစ်စုံတစ်ရာ စားသောက်ခြင်းတို့မှာလည်း မတ်ကရူဟ်ပင် ဖြစ်၏။ အရွယ်ရောက်ပြီးဖြစ်သော အမျိုးသား အမျိုးသမီးတိုင်း အပေါ်၌ အညစ်အကြေးများမှ ကင်းနိုင်အောင် နည်းအမျိုးမျိုးဖြင့် ဆင်ခြင်ရန်လည်းကောင်း၊ ရှောင်ရှားရန်လည်းကောင်း ကြီးလေးသော တာဝန်ပင်ဖြစ်ချေသတည်း။

အညစ်အကြေးများနှင့်စပ်လျဉ်းသော အမိန့်ပညတ်များ

တိရစ္ဆာန်အပေါင်းတို့၏ ကျင်ကြီး၊ လူတို့၏ကျင်ကြီး၊ ကျင်ငယ်၊ သုတ်ရည်၊ အရက်၊ သွေး၊ ကြက်ချေး၊ ဘဲချေးတို့မှာ "နဂျာစသ်ဂလီဇွဟ်" (အလွန်ညစ်ထည်းသော အညစ်အကြေးများပင်) ဖြစ်ကြသည်။ စားပိုင်ခွင့်ရှိသော တိရစ္ဆာန်တို့၏ ကျင်ငယ်သည်လည်းကောင်း၊ စားပိုင်ခွင့်မရှိသော ငှက်တိရစ္ဆာန်တို့၏ ချေးသည်လည်းကောင်း "နဂျာစသ်ခဖီဖဟ်" (အနည်းငယ် ပေါ့လျော့သော အညစ်အကြေး) ဖြစ်သည်။ စားပိုင်ခွင့်ရှိသော ငှက်တိရစ္ဆာန်တို့၏ ချေးမှာသန့်၏။

"နဂျာစသ်ဂလီဇွဟ်" ခေါ် အလွန်ညစ်ထည်းသော အညစ်အကြေးမှာ အစိုင်အခဲရှိသော (ဥပမာ-ကျင်ကြီး)နှင့် အစိုင်အခဲမရှိသော အညစ်အကြေး (ဥပမာ-ကျင်ငယ်) ဟူ၍ နှစ်မျိုးနှစ်စားရှိ၏။ ဥပမာ- ခန္ဓာကိုယ်၌ ဖြစ်စေ၊ အဝတ်အစား၌ ဖြစ်စေ၊ "နဂျာစသ်ဂလီဇွဟ်" ခေါ်အလွန်ညစ်ထည်းသောအညစ်အကြေး လူးကပ်နေလျက် ဆွလာသ် ဝတ်ပြု မိခဲ့လျှင်၊အကယ်၍ ထိုအညစ်အကြေးသည် ဒစ်ရ်ဟမ် ခန့်ထက် လျော့နည်းခဲ့လျှင်၊ ထို ဝတ်ပြုမိခဲ့သော ဆွလာသ်မှာ ပိုင်သွားပေမည်။ အကယ်၍ ဒစ်ရ်ဟမ် ခန့် ထက် ပိုခဲ့လျှင် ဆွလာသ်ပိုင်မည် မဟုတ်ပေ။ ဒစ်ရ်ဟမ်မှာ အင်္ဂလိပ်ငွေ မတ်စေ့နှင့် အလေး ချိန် ညီမျှ၏။ အစိုင်အခဲရှိသော အညစ်အကြေးတွင် အလေးချိန်သာ ပမာန ဖြစ်သည်။ အစိုင်အခဲမရှိသော အညစ်အကြေးတွင် ငွေးဒဂ်ါးခန့် အပြန့်သည် ပမာန ဖြစ်သည်။

ဤစက်ဝိုင်းသည် ဒစ်ရ်ဟမ်၏ အပြန့် ဖြစ်ပါသည်။

"နဂျာစသ်ခဖီဖတ်"ခေါ် အနည်းငယ် ပေါ့လျော့သော အညစ်အကြေးသည် လေးပုံတစ်ပုံထက် လျော့ခဲ့လျှင် ဆွလာသ်ပိုင်သွားပေမည်။ လေးပုံတစ်ပုံဟူသည် အညစ်အကြေးပေကျံနေသော ခန္ဓာကိုယ်၏ အစိတ်အပိုင်း၊

သို့မဟုတ် အင်္ကျီအဝတ်အစား၏ အစိတ်အပိုင်းမှ လေးပုံတစ်ပုံ။ (ဥပမာ- အင်္ကျီ၏လက်ဘေးပိုင်း၊ ရှေ့ပိုင်းစသည်)တို့ကို ဆိုလိုသည်။

အင်္ကျီအဝတ်အစား၌ဖြစ်စေ၊ ခန္ဓာကိုယ်၌ဖြစ်စေ အညစ်အကြေး ပေနေလျှင် ရေဖြင့်သုံးကြိမ်ဆေးလျှင် သန့်သွားပေမည်။ အင်္ကျီအဝတ်အစား၌ ပေနေလျှင် သုံးကြိမ်စလုံး ရေညှစ်ပစ်ရန်လိုအပ်ပေသည်။ ရေညှစ်ရန် မလွယ်ကူသော ဝတ္ထုပစ္စည်း ဥပမာ- ဂုန်နီအိတ်၊ ကော်ဇောစသောပစ္စည်း ဖြစ်ခဲ့လျှင် ရေဖြင့် တစ်ကြိမ်ကောင်းမွန်စွာဆေးပြီးထားလိုက်ရမည်။ ထို့နောက် ရေအစက်ကျခြင်း ရပ်သွားသောအခါ တစ်ဖန်ပြန်ဆေး၍ ထားလိုက်ရမည်။ ရေအစက်ကျခြင်းရပ်သွားလျှင် တတိယအကြိမ် ပြန်ဆေးမှသာ သန့်သွား ပေမည်။

မြေကြီးပေါ်၌ကျင်ငယ်သို့မဟုတ် အလားတူ အစိုင်အခဲမရှိသော အခြားအညစ်အကြေး တစ်စုံတစ်ရာကျခဲ့ပြီးခြောက်၍အစွန်းကွက် ပပျောက်သွားခဲ့လျှင် ထိုနေရာသည် သန့် သွားပေမည်။သံဖြင့်ပြုလုပ်ထားသောပစ္စည်း ဥပမာ- မောင်းချားး၊ ဓားရှည်၊ သို့မဟုတ် မှန်ပေါ်၌ အညစ် အကြေးတစ်စုံတစ်ရာ ပေကပ်နေခဲ့သော် ကောင်းမွန်စွာ တိုက်ချွတ်၍ပစ်လျှင် သန့်သွားပေမည်။

"နဂျာစသ်ဂလီဇွဟ်" ခေါ် အလွန်ညစ်ထည်းသော အညစ်အကြေး သည် ရေထဲ၌ကျခဲ့လျှင် ထိုရေလည်း ယင်း "နဂျာစသ်ဂလီဇွဟ်" ကဲ့သို့ပင် ညစ်ထည်းသွားပေမည်။ အကယ်၍ အပ်ဖျားခန့်မျှသာ ကျင်ငယ်အစက်လေး များ စင်၍အဝတ်ပေါ်၌ လူးကပ်ခဲ့ပါလျှင် အဝတ်အစားမသန့် မဖြစ်ချေ။ သားကောင်ကို လှီးပြီးနောက် အသားထဲ၌ကျန်ရှိနေသော သွေးသည် သန့်၏။ လှီးသောအခါ ယိုစီးသော သွေးသာလျှင် မသန့်ဖြစ်၏။ အကယ်၍ ထိုသွေး သည် အသားပေါ်သို့ လူးကပ်သွားခဲ့သော် ရေဆေးပစ်ရန် "ဝါဂျစ်ဗ်" ဖြစ်ပေ သည်။

ဝုဇူနှင့်စပ်လျဉ်းသော အမိန့်ပညတ်များ

ဝုဇူ၌ "ဖရဇ်" ဖြစ်သောအချက်များ

ဝုဇူပြုရာ၌ "ဖရဇ်" (မပြုမနေရ) တာဝန် လေးမျိုးရှိ၏။ (၁) နဖူးဆံစမှ မေးစေ့အောက်အထိ၊ တစ်ဖက်နားရင်းမှ တစ်ဖက် နားရင်းအထိ မျက်နှာသစ်ခြင်း။ (၂) လက်နှစ်ဖက်ကို တံတောင်ဆစ်ပါ ဆေးခြင်း။ (၃) ဦးခေါင်း လေးပုံတစ်ပုံကို "မစဟ်"ပြုခြင်း။ (၄) ခြေနှစ်ဖက်ကို ခြေမျက်စိပါ ဆေးခြင်း။

ဝုဇူ၌ "စွန္နသ်" ဖြစ်သောအချက်များ

(၁) နိယသ်ပြုခြင်း။ (၂) ဗစ္စမစ်လ္လာဟ်ရွက်ဆိုခြင်း။ (၃) ဦးစွာပထမ လက်ကောက်ဝတ်အထိ လက်နှစ်ဖက်ကိုဆေးခြင်း။ (၄) ပါးလုတ်ကျင်းခြင်း။ (၅) တံပူတိုက်ခြင်း။ (၆) နှာခေါင်းထဲရေထည့်(ဆေး)ခြင်း။ (၇) ဝုဇူတွင်ဆေးရသော အင်္ဂါအစိတ်အပိုင်းများအသီးသီးကို သုံးကြိမ်ကျစီ ဆေးခြင်း။ (၈) ဦးခေါင်းတစ်ခုလုံးကိုလည်းကောင်း နားနှစ်ဖက်ကိုလည်းကောင်း "မစဟ်" ပြုခြင်း။ (၉) မုတ်ဆိတ်နှင့်လက်ချောင်းခြေချောင်းများ၏ အကြားတွင် လက်ချောင်းများဖြင့် ပွတ်သပ်ပေးခြင်း။ (၁၀) ဝုဇူ၌ဆေးရသော အင်္ဂါအစိတ်အပိုင်းများကို တစ်ခုပြီးတစ်ခု ဆက်တိုက်ဆေးခြင်း။ (၁၁) အစဉ်လိုက်ဆေးခြင်း။ (ဝါ) ရှေးဦးစွာ မျက်နှာသစ်ခြင်း။ ထို့နောက် တံတောင်ဆစ်ပါ လက်နက်ဖက်ကို ဆေးခြင်း။ ထို့နောက် ဦးခေါင်းကို "မစဟ်" ပြုခြင်း၊ ထို့နောက် ခြေနှစ်ဖက်ကို ခြေမျက်စိပါဆေးခြင်း။

ဝုဇူ၌ "မွတ်စ်သဟာဗ်" ဖြစ်သောအချက်များ

(၁) လည်ကုပ်ကို "မစဟ်"ပြုခြင်း။ (၂) "ကစ်ဗ်လဟ်"ဖက်သို့ မျက်နှာမူ၍ထိုင်ခြင်း။ (၃) "ကလိမဟ် ရှဟာဒသ်" ရွက်ဖတ်ခြင်း။ (၄) အင်္ဂါအစိတ်အပိုင်းများကို ပွတ်တိုက်၍ဆေးခြင်း။ (၅) လက်ယာဘက်မှ အစပြုခြင်း။

(၆)ဝဋ္ဋပြုပြီး ကျန်ရှိသောရေကို မတ်တပ်ရပ်၍သောက်ခြင်း။ (၇) သူတစ်ပါး၏ အကူအညီမပါဘဲ မိမိကိုယ်တိုင် ဝဋ္ဋပြုခြင်း။

ဝဋ္ဋ၌ "မတ်က်ရူက်" ဖြစ်သောအချက်များ

(၁) မသန့်သောနေရာ၌ ဝဋ္ဋပြုခြင်း။ (၂) လက်ယာလက်ဖြင့် နှာခေါင်း ညှစ်ခြင်း။ (၃) ဝဋ္ဋပြုနေစဉ် လောကီရေးရာ စကားများပြောဆိုခြင်း။ (၄) "စွန္နသ်" နည်းနှင့်ဆန့်ကျင်ပြီး ဝဋ္ဋပြုခြင်း။ (၅) ရေကိုပို၍သုံးခြင်း။

ဝဋ္ဋကို ပျက်စေသောအချက်များ

(၁) ကျင်ကြီး ကျင်ငယ်စွန့်ခြင်း၊ သို့မဟုတ် ကျင်ကြီး ကျင်ငယ်စွန့်သော ဒွါရနှစ်ခုမှ သုတ်ရည်၊ အရည်ကြည်၊ ပိုးမွှား၊ ကျောက်စရစ်ခဲစသည့် တစ်စုံတစ်ရာထွက်ခြင်း။ (၂) ပါးစပ်ပြည့်လောက်အောင် အန်ခြင်း။ (၃) သွေး သော်လည်းကောင်း၊ ပြည်သော်လည်းကောင်း ထွက်၍ ယိုစီးခြင်း။ (၄) တစ်စုံ တစ်ရာကိုမှီ၍ အိပ်ပျော်သွားခြင်း။ (၅) မူးမေ့သွားခြင်း။ (၆) "ရှုကူအ်" "စဂျ်ဒဟ်" ပြုရသော "ဆွလာသ်"တွင် အသံထွက်အောင်ရယ်ခြင်း။ (၇) ခန္ဓာ ကိုယ် တစ်နေရာရာမှ အညစ်အကြေး တစ်စုံတစ်ရာထွက်၍ ယိုစီးခြင်း။

မှတ်ချက်။ ။ဆွလာသ်ဝတ်ပြုနေစဉ် ဆွလာသ်ဝတ်ပြုမှု၏ အနေအထား တွင်ပင် အိပ်ပျော်သွားလျှင် ဝူဋ္ဋမပျက်ချေ။

ရေချိုးခြင်းနှင့်စပ်လျဉ်းသော ပညတ်ချက်များ

အောက်ဖော်ပြပါ အချက်များကြောင့်ရေချိုးရန် "ဝါဂျစ်ဗ်"ဖြစ်သည်။

(၁) အိပ်ပျော်နေခိုက်ဖြစ်စေ၊ နိုးနေခိုက် ဖြစ်စေ တဏှာရာဂစိတ်ကြွလျက် သုတ် ရည်ထွက်ခြင်း။ (၂) ယောက်ျားက ရှေ့ နောက်ဒွါရတစ်ခုခု၌သံဝါသပြုလိုက်ခြင်း။ (၃) ရာသီပန်းပွင့်၍ ပြီးဆုံးသွားခြင်း။ (၄) ကလေးဖွားမြင်ပြီးနောက် သွေးဆင်းခြင်း မှာ ရပ်စဲသွားခြင်း။

ရေချိုးခြင်း၌ "ဖရ်ဇ်" ဖြစ်သောအချက်များ

ရေချိုးရာ၌ "ဖရ်ဇ်" (မလုပ်မနေရတာဝန်) သုံးမျိုးရှိ၏။

(၁) ပလုတ်ကျင်းခြင်း။ (၂) နှာခေါင်းထဲသို့ ရေသွင်းဆေးခြင်း။ (၃) တစ်ကိုယ်လုံးအပေါ် ရေတစ်ကြိမ်လောင်း၍ ချိုးခြင်း။

ရေချိုးခြင်း၌ "စွန္နသ်" ဖြစ်သောအချက်များ

(၁) ရှေးဦးစွာ ခန္ဓာကိုယ်၌ လူးကပ်နေသော အညစ်အကြေးကို ဆေးပစ်ခြင်း။ (၂) ထို့နောက် သန့်ရှင်းရန် ရည်စူးခြင်း။ (၃) ထို့နောက် ဝုဇူ ပြုခြင်း။ (၄) ခန္ဓာကိုယ်ကို ကောင်းစွာပွတ်တိုက်ခြင်း။ (၅) တစ်ကိုယ်လုံး အပေါ် သုံးကြိမ်ရေလောင်း၍ ချိုးခြင်း။

သောကြာနေ့နှင့် အီးဒ်နေ့များတွင် ရေချိုးခြင်း

သောကြာနေ့တွင် ဆွလာသ်ဝတ်မပြုမီ၊ ရေချိုးခြင်းမှာ "စွန္နသ်" ဖြစ်၏။ ထိုနည်းတူစွာ အီးဒ် ၂-အီးဒ်တွင် လည်းကောင်း၊ "အစ်ဟ်ရာမ်" ဝတ်ရုံကို မဝတ်မီလည်းကောင်း ရေချိုးခြင်းသည် "စွန္နသ်" ပင်ဖြစ်ပေသည်။ ဘာသာခြား တစ်ဦးတစ်ယောက်သည် အစ္စလာမ်ဘာသာသို့ ကူးပြောင်း ဝင်ရောက်လိုလျှင် ရှေးဦးစွာရင်းအား ရေချိုးပေးသင့်၏။

"အဇာန်" နှင့်စပ်လျဉ်းသော အမိန့်ပညတ်များ

"ဆွလာသ်" အချိန်ကျရောက်မှ "အဇာန်" ဆိုရမည်။ အချိန်မကျရောက်မီ "အဇာန်" ဆိုမိလျှင်၊ အချိန်ကျရောက်သောအခါ ပြန်ဆိုရမည်။ "အဇာန်"၌ ဆိုရသော စာပိုဒ်များကို ပီသစွာ ဆိုရမည်။ အဇာန်ဆိုသူမှာ ယောကျာ်းဖြစ်ရမည်။ အသိဉာဏ်ကောင်းသူဖြစ်ရမည်။အရွယ်ရောက်ပြီးသူဖြစ်ရမည်။ ဝုဇူပြုပြီးမှ "အဇာန်" ဆိုသင့်၏။ နားနှစ်ဘက်တွင် လက်ညှိုးထည့်၍ "အဇာန်"

ဆိုရမည်။ တစ်ပိုဒ်စီနား၍ ဆိုရမည်။ အသံကို အဝေးရောက်စေမည့် နေရာ၌ ရပ်၍ဆိုရမည်။

အဇာန်

اَللّٰهُ أَكْبَرُ اَللّٰهُ أَكْبَرُ، اَللّٰهُ أَكْبَرُ اَللّٰهُ أَكْبَرُ،

أَشْهَدُ أَنْ لَا إِلٰهَ إِلَّا اللّٰهُ، أَشْهَدُ أَنْ لَا إِلٰهَ إِلَّا اللّٰهُ،

أَشْهَدُ أَنَّ مُحَمَّدًا رَسُوْلُ اللّٰهِ، أَشْهَدُ أَنَّ مُحَمَّدًا رَسُوْلُ اللّٰهِ،

حَيَّ عَلَى الصَّلَاةِ، حَيَّ عَلَى الصَّلَاةِ،

حَيَّ عَلَى الْفَلَاحِ، حَيَّ عَلَى الْفَلَاحِ،

اَللّٰهُ أَكْبَرُ اَللّٰهُ أَكْبَرُ،

لَا إِلٰهَ إِلَّا اللّٰهُ.

اَلصَّلَاةُ خَيْرٌ مِنَ النَّوْمِ

အဓိပ္ပါယ်

၁။ အလ္လာဟ်အရှင်မြတ်သည် အကြီးအကဲဆုံးဖြစ်တော်မူပါ၏။(၄-ကြိမ်)

၂။ ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျဉ်းမရှိကြောင်း သက်သေခံပါ၏။(၂-ကြိမ်)

၃။ မုဟမ္မဒ်သခင်သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် ဖြစ်တော်မူကြောင်း ကျွန်တော်မျိုး သက်သေခံပါ၏။(၂-ကြိမ်)

၄။ ဆွလာသ်ဝတ်ပြုရန် လာကြလေကုန်။(၂-ကြိမ်)

၅။ အောင်မြင်မှု ရယူရန် လာကြလေကုန်။(၂-ကြိမ်)

၆။ အလ္လာဟ်အရှင်မြတ်သည် အကြီးအကဲဆုံးဖြစ်တော်မူ၏။(၂-ကြိမ်)

၇။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး ပူဇော်ဆည်းကပ် ကိုးကွယ်ရာ အရှင်ဟူ၍ အလျဉ်းမရှိ။(၁-ကြိမ်)

၈။ ဆွလာသ်ဝတ်ပြုမှုသည် အိပ်စက်ခြင်းထက် မွန်မြတ်လှပေသည်ဟူ၍ ဖဂျရ်အဇာန်တွင် "حَيَّ عَلَى الْفَلَاحِ" ဆိုပြီးနောက် (၂-ကြိမ်) ထည့်ဆိုရမည်။

"အဇာန်"ကိုကြားရသောသူကလည်း ထိုနည်းအတိုင်း တီးတိုးစွာ လိုက်၍ ဆိုရမည်။ သို့ရာတွင် حَيَّ عَلَى الصَّلَاةِ နှင့် حَيَّ عَلَى الْفَلَاحِ ဆိုသံကို ကြားရသောအခါ لَا حَوْلَ وَلَا قُوَّةَ إِلَّا بِاللهِ الْعَلِيِّ الْعَظِيْمِ ဆိုရမည်။ အဇာန်ဆို၍ ပြီးဆုံးသွားသောအခါ၊ "မုအဇ္ဇင်န်" သည်လည်းကောင်း၊ အဇာန်ကိုကြားရသော သူတိုင်းသည်လည်းကောင်း၊ အောက်တွင် ရေးသား ဖော်ပြထားသော ဒုအာကို ရွတ်ဖတ်သရဇ္ဈာယ်ရမည်။

အဇာန်ဆိုပြီးနောက် ရွတ်ဖတ်သရဇ္ဈာယ်ရသော ဒုအာ

اَللّٰهُمَّ رَبَّ هٰذِهِ الدَّعْوَةِ التَّامَّةِ، وَالصَّلَاةِ الْقَائِمَةِ، آتِ مُحَمَّدًا الْوَسِيْلَةَ، وَالْفَضِيْلَةَ وَالدَّرَجَةَ الرَّفِيْعَةَ، وَابْعَثْهُ مَقَامًا مَحْمُوْدًا الَّذِيْ وَعَدْتَه، إِنَّكَ لَا تُخْلِفُ الْمِيْعَادِ

အဓိပ္ပါယ်

အို.. အလ္လာဟ်အရှင်မြတ်၊ ဤပြည့်စုံလှစွာသော ဖိတ်ခေါ်ချက်ကို လည်းကောင်း၊ ဆောက်တည်အံ့ဆဲဆဲဖြစ်သော ဆွလာသ်ဝတ်ပြုမှုကို လည်းကောင်း၊ ပိုင်ဆိုင်တော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် မုဟမ္မဒ် (သခင်)အား"ဝစီလဟ်"မြင့်မြတ်လှစွာသော အဆင့်အတန်းကို လည်းကောင်း၊ အကျိုး ကျေးဇူးတော်ကိုလည်းကောင်း ချီးမြှင့် ပေးသနားတော်မူပါ။ ထို့မှ တစ်ပါးအရှင်မြတ်သည် ထို (မုဟမ္မဒ်သခင်) အား မိမိကတိပြုတော်မူခဲ့သော "မကာမေမဟ်မူဒ်"သို့ ပို့တော်မူပါ။ ဧကန်အမှန် အရှင်မြတ်သည် (မိမိထားရှိတော်မူသော) ကတိကို ဖောက်ဖျက်တော်မူသည် မဟုတ်ပါ။

"အဇာန်" ဆိုပြီးလျှင်၊ "မဂ်ရစ်ဗ်" အချိန်မှတစ်ပါး အခြားအချိန်များတွင် သင့်တော်သောအချိန်ကို သတ်မှတ်၍ ဆွလာသ်ပြုရန် လာကြမည့်သူများအား ထိုအချိန်ထိစောင့်ဆိုင်းရမည်။ "အဇာန်" မှာ အစ္စလာမ် သာသနာတော်၏ ဂုဏ်တော်ကို ထင်ရှားစေသော အထိမ်းအမှတ်တစ်ရပ် ဖြစ်သည်။ "မုအဇ္ဇင်"သည် အသံကောင်းသူဖြစ်ရမည်။ ("အဇာန်"ကိုကြားလျှင် ရှိုက်သွာန် မိစ္ဆာကောင်သည် အဝေးသို့ရှောင်ပြေးလေ့ရှိပေသတည်း။)

အိကာမသ်နှင့်စပ်လျဉ်းသော အမိန့်ပညတ်များ

"အိကာမသ်" ဆိုရာ၌ နားနှစ်ဖက်တွင် လက်ညှိုးမထည့်ဘဲ လက်နှစ်ဖက်ကို တွဲလွဲချထားကာ ခပ်သွက်သွက် ဆိုရမည်။ ဖရဇ်ဆွလာသ် ပြုရန်အလို့ငှာ "အဇာန်" နှင့် "အိကာမသ်" ဆိုခြင်းမှာ "စွန္နသ်မုအက္ကဒဟ်" ဖြစ်သည်။ အိမ်၌ "ဆွလာသ်" ဝတ်ပြုလျှင်လည်း "အိကာမသ်" ဆိုခြင်းမှာ "မွတ်စ်သဟဗ်" ဖြစ်သည်။ "အိကာမသ်" ဆိုရာတွင်လည်း အထက်ဖော်ပြပါအတိုင်း "အဇာန်" ၌ ဆိုသော စာပိုဒ်များကိုပင် ဆိုရသော်လည်း "အိကာမသ်" တွင် حَيَّ عَلَى الْفَلاَحِ ဆိုပြီးနောက် قَدْ قَامَتِ الصَّلاَةُ (ဆွလာသ်ပြုရန်အဆင်သင့်ရှိနေလေပြီ။) ဟူ၍ နှစ်ကြိမ်ဖြည့်စွက်၍ ဆိုရမည်။

ကလေးဖွားမြင်သောအခါ အဇာန်ဆိုခြင်း။

ကလေးမွေးလျှင်၊ "ရေချိုးပြီးနောက်" ထိုကလေး၏ လက်ယာဘက် နား၌ "အဇာန်" ဆိုခြင်း၊ လက်ဝဲဘက်နား၌ "အိကာမသ်" ဆိုခြင်းမှာ "စွန္နသ်" ဖြစ်၏။ "ဆွလာသ်" ပြုနေစဉ်တွင် လည်းကောင်း၊ ကျင်ကြီးကျင်ငယ် စွန့်နေခိုက်တွင်လည်းကောင်း၊ "ခွသ်ဗဟ်" ဖတ်နေစဉ်တွင်လည်းကောင်း၊ "အဇာန်" ဆိုသံကိုကြားလျှင် ကြားရသူတို့က လိုက်၍ ဆိုပိုင်ခွင့်မရှိ။ အရေးကြီးသောအခါမျိုးတွင် ဝုဇူမရှိဘဲ အဇာန်ဆိုခဲ့လျှင် အပြစ်မရှိပေ။

ဆွလာသ်ဝတ်ပြုနည်း

ဆနာ

سُبْحَانَكَ اللّٰهُمَّ وَبِحَمْدِكَ، وَتَبَارَكَ اسْمُكَ، وَتَعَالَى جَدُّكَ، وَلَا إِلٰهَ غَيْرُكَ

အဓိပ္ပါယ်

အို ... အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည်အရှင်မြတ် စင်ကြယ်သန့်ရှင်းတော်မူကြောင်း ဝန်ခံမြွက်ဆိုပါ၏။ ၎င်းပြင် အရှင်မြတ်အား ချီးမွမ်း ထောပနာလည်း ပြုပါ၏။ စင်စစ်အရှင်မြတ်၏ နာမတော်သည် ကျက်သရေ မင်္ဂလာနှင့်ပြည့်စုံပါ၏။ အရှင်မြတ်၏ ဂုဏ်ဒြပ်သည်လည်း မြင့်မြတ်လှပါ၏။ အရှင်မြတ်မှတစ်ပါး ဆည်းကပ်ပူဇော် ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍လည်း အလျဉ်းမရှိပါ။

သအောက်ဝုဇ်

أَعُوْذُ بِاللّٰهِ مِنَ الشَّيْطَانِ الرَّجِيْمِ

အဓိပ္ပါယ်

ကျွန်တော်မျိုးသည် ရှုက်သွာန် မိစ္ဆာကောင်၏ နှောက်ယှက်ဖျက်ဆီးခြင်းမှ ကင်းလွတ်နိုင်ရန် အလ္လာဟ်အရှင်မြတ်အားဖြင့် အကာအကွယ်ယူပါ၏။

သတ်စ်မိယဟ်

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အဓိပ္ပါယ်

ကျွန်တော်မျိုးသည် အစဉ်သနားကြင်နာ ညှာတာတော်မူသော၊ အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

စူရသွလ်ဖာသိဟာဟ် (အဖွင့်ကဏ္ဍ)

اَلْحَمْدُ للهِ رَبِّ الْعَالَمِيْنَ، الرَّحْمنِ الرَّحِيْمِ، مَالِكِ يَوْمِ الدِّيْنِ، إِيَّاكَ نَعْبُدُ وَإِيَّاكَ نَسْتَعِيْنُ، اهْدِنَا الصِّرَاطَ الْمُسْتَقِيْمَ، صِرَاطَ الَّذِيْنَ أَنْعَمْتَ عَلَيْهِمْ غَيْرِ الْمَغْضُوْبِ عَلَيْهِمْ وَلَا الضَّالِيْنَ.

အဓိပ္ပါယ်

ချီးမွမ်းထောမနာ ဟူသမျှတို့ကို စကြာဝဠာခပ်သိမ်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်သည်သာလျှင် ခံယူထိုက်တော်မူ၏။ ထိုအရှင်မြတ်သည် အနန္တကရုဏာတော်ရှင် အစဉ်သနားကြင်နာ ညှာတာတော်မူသောအရှင်၊ အကျိုးပေးမည့်နေ့ကို စိုးပိုင်တော်မူသောအရှင် ဖြစ်တော်မူ၏။ ကျွန်တော်မျိုးတို့သည် အရှင်မြတ်အားသာလျှင် ခယရိုကျိုး၊ ရှိခိုးဆည်းကပ်ကြပါ၏။ ထို့အပြင် ကျွန်တော်မျိုးတို့သည် အရှင်မြတ် အထံတော်၌သာလျှင် အကူအညီတောင်းခံကြပါ၏။ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဖြောင့်မတ်မှန်ကန်သောလမ်းကို ညွှန်ကြားပြသတော်မူပါ။ အကြင်သူတို့၏ လမ်းကို၊ အရှင်မြတ်သည် ထိုသူတို့အပေါ်၌ ကျေးဇူးပြုတော်မူခဲ့ပါ၏။ ထိုသူတို့သည် အမျက်တော်စူးရှခြင်း ခံကြရသူများ လည်းမဟုတ်၊ လမ်းမှားခဲ့သူများလည်း မဟုတ်ကြချေ။

သရှုဟ်ဟွဒ်

اَلتَّحِيَّاتُ للهِ وَالصَّلَوَاتُ الطَّيِّبَاتُ، اَلسَّلَامُ عَلَيْكَ أَيُّهَا النَّبِيُّ وَرَحْمَةُ اللهِ وَبَرَكَاتُه، اَلسَّلَامُ عَلَيْنَا وَعَلَى عِبَادِ اللهِ الصَّالِحِيْنَ، أَشْهَدُ أَنْ لَا إِلٰهَ إِلَّا اللهُ وَأَشْهَدُ أَنَّ مُحَمَّدًا عَبْدُه وَرَسُوْلُه.

အဓိပ္ပါယ်

ဝစီကံအားဖြင့် ဝတ်ပြုကိုးကွယ်မှုတို့သည်လည်းကောင်း၊ ကာယကံအားဖြင့် ဝတ်ပြုကိုးကွယ်မှုတို့သည်လည်းကောင်း၊ ပစ္စည်းဥစ္စာအားဖြင့် ဝတ်ပြု ကိုးကွယ်မှုတို့သည်လည်းကောင်း၊အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်ပါ၏။အို-နဗီတမန်တော်၊ငြိမ်းချမ်းသာယာမှုအပေါင်းတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ သုခချမ်းသာ ကျက်သရေ မင်္ဂလာများသည်လည်းကောင်း၊ ကိုယ်တော်မြတ် အပေါ်၌ သက်ရောက်ပါစေသား။ ငြိမ်းချမ်းသာယာမှု အပေါင်းတို့သည် ကျွန်တော်မျိုးတို့အပေါ်၌လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ သူတော်ကောင်း ဘန်ဒဟ်အပေါင်းတို့ အပေါ်၌လည်းကောင်း၊ သက်ရောက်ပါစေသတည်း။ ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျဉ်းမရှိကြောင်း သက်သေခံအပ်ပါသည်။ ထိုမှတစ်ပါး မုဟမ္မဒ်သခင်သည် ထိုအရှင်မြတ်၏ ဘန္ဒဟ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်သည်လည်းကောင်း ဖြစ်တော်မူကြောင်းကိုလည်း ကျွန်တော်မျိုးသည် သက်သေခံအပ်ပါသည်။

ဒရူးဒ်

اَللّٰهُمَّ صَلِّ عَلَى مُحَمَّدٍ وَعَلَى آلِ مُحَمَّدٍ كَمَا صَلَّيْتَ عَلَى إِبْرَاهِيْمَ وَعَلَى آلِ
إِبْرَاهِيْمَ إِنَّكَ حَمِيْدٌ مَجِيْدٌ.
اَللّٰهُمَّ بَارِكْ عَلَى مُحَمَّدٍ وَعَلَى آلِ مُحَمَّدٍ كَمَا بَارَكْتَ عَلَى إِبْرَاهِيْمَ وَعَلَى آلِ
إِبْرَاهِيْمَ إِنَّكَ حَمِيْدٌ مَجِيْدٌ.

အဓိပ္ပါယ်

အို - အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် (နဗီတမန်တော်) အိဗ်ရာဟီမ် (သခင်) ၏ အပေါ်၌လည်းကောင်း (နဗီတမန်တော်) အိဗ်ရာဟီမ် (သခင်)၏ သားမြေးတို့အပေါ်၌လည်းကောင်း၊ ကောင်းချီးမင်္ဂလာ ချပေးသနားတော်မူဘိသကဲ့သို့ပင် (နဗီတမန်တော်) မုဟမ္မဒ်(သခင်)၏ အပေါ်၌ လည်းကောင်း၊ (နဗီတမန်တော်) မုဟမ္မဒ်(သခင်)၏ သားမြေးတို့ အပေါ်၌ လည်းကောင်း၊ ကောင်းချီးမင်္ဂလာကို ချပေးသနားတော်မူပါ။ ဧကန် စင်စစ် အရှင်မြတ်သည် ချီးမွမ်းထောမနာကို ခံယူထိုက်တော်မူသောအရှင်၊ အထူးထူး သော ဂုဏ်ကျက်သရေ၊ ဘုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူပါ၏။

အို - အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် (နဗီတမန်တော်) အိဗ်ရာဟီမ် "သခင်"၏ အပေါ်၌လည်းကောင်း၊ "နဗီတမန်တော်" အိဗ်ရာဟီမ် "သခင်"၏သားမြေးများအပေါ်၌လည်းကောင်း၊ "ဗရ်ကသ်" ကျက်သရေ မင်္ဂလာချပေးသနားတော်မူဘိသကဲ့သို့ပင်၊ မုဟမ္မဒ်(သခင်)၏ အပေါ်၌လည်း ကောင်း၊ မုဟမ္မဒ် (သခင်)၏ သားမြေးတို့အပေါ်၌လည်းကောင်း "ဗရ်ကသ်" ကျက်သရေမင်္ဂလာကို ချပေးသနားတော်မူပါ။ ဧကန်စင်စစ် အရှင်မြတ်သည် ချီးမွမ်းထောမနာကို ခံယူထိုက်တော်မူသောအရှင်၊ အထူးထူးသော ဂုဏ်ကျက် သရေ၊ ဘုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပါ၏။

ဒုအာ

اَللّٰهُمَّ إِنِّيْ ظَلَمْتُ نَفْسِيْ ظُلْمًا كَثِيْرًا وَلَا يَغْفِرُ الذُّنُوْبَ إِلَّا أَنْتَ فَاغْفِرْ لِيْ مَغْفِرَةً مِنْ عِنْدِكَ، إِنَّكَ أَنْتَ الْغَفُوْرُ الرَّحِيْمُ.

အဓိပ္ပါယ်

အို-အလ္လာဟ်အရှင်မြတ်၊ ဧကန်မလွဲ ကျွန်တော်မျိုးသည် မိမိကိုယ်ကို မိမိ များစွာပင် နှိပ်စက်ညှင်းပန်းခဲ့ပါပြီ။ သို့ရာတွင် ဧကန်စင်စစ် အရှင်မြတ်မှ တစ်ပါး ပြစ်မှုဒုစရိုက်တို့ကို ခွင့်လွှတ်ချမ်းသာပေးနိုင်သူဟူ၍လည်း အလျဉ်းမရှိ

ပါ။ သို့ဖြစ်ပါ၍ အရှင်မြတ်သည် မိမိအထံတော်မှ အထူးလွတ်ငြိမ်းချမ်းသာခွင့်ကို ပေးသနားတော်မူခြင်းအားဖြင့် ကျွန်တော်မျိုးအား သနားကရုဏာလည်း ပြုတော်မူပါ။ အကယ်စင်စစ် အရှင်မြတ်သည်သာလျှင် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အလွန်တရာ သနားညှာတာတော်မူသောအရှင် ဖြစ်တော်မူပါ၏။

ဒုအာအေကုနူးသ်

اَللّٰهُمَّ إِنَّا نَسْتَعِيْنُكَ وَنَسْتَغْفِرُكَ وَنُؤْمِنُ بِكَ وَنَتَوَكَّلُ عَلَيْكَ، وَنُثْنِيْ عَلَيْكَ الْخَيْرَ وَنَشْكُرُكَ وَلَا نَكْفُرُكَ وَنَخْلَعُ وَنَتْرُكُ مَنْ يَفْجُرُكَ، اَللّٰهُمَّ إِيَّاكَ نَعْبُدُ وَلَكَ نُصَلِّيْ وَنَسْجُدُ وَإِلَيْكَ نَسْعَى وَنَحْفِدُ وَنَرْجُوْ رَحْمَتَكَ وَنَخْشَى عَذَابَكَ، إِنَّ عَذَابَكَ بِالْكُفَّارِ مُلْحِقٌ.

အဓိပ္ပါယ်

အို - အလ္လာဟ်အရှင်မြတ်၊ မုချဧကန် ကျွန်တော်မျိုးတို့သည် အရှင်မြတ်ထံတော်၌ အကူအညီ တောင်းခံကြပါသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်အထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို အသနားခံကြပါသည်။ ထို့ပြင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်အား သက်ဝင်ယုံကြည်ကြပါသည်။ ထို့ပြင်တဝ ကျွန်တော်မျိုးတို့သည် အရှင်မြတ်အပေါ်၌သာလျှင် ယုံကြည်စိတ်ချအားထားကြပါသည်။ ထိုမှတစ်ပါး ကျွန်တော်မျိုးတို့သည် အရှင်မြတ်အား အကောင်းဆုံးချီးမွမ်း ထောမနာ ပြုကြပါသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်အား ကျေးဇူးတင်ရှိကြပါသည်။ သို့ရာတွင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်အား ကျေးဇူးမကန်းကြပါ။ ထိုမှတစ်ပါး ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ အမိန့်တော်များကို သွေဖည်ငြင်းဆန်ကြကုန်သော သူတို့အား ခွဲခွာစွန့်ပယ်ကြပါသည်။ အိုအလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် အရှင်မြတ်အားသာလျှင် ရှိခိုးပူဇော်ဆည်းကပ် ကိုးကွယ်ကြပါသည်။ ထို့အပြင် ကျွန်တော်မျိုးတို့သည် အရှင်မြတ်ကိုသာ ရည်စူး၍ဆွလာသ်ဝတ်ပြုခြင်းကို

လည်းကောင်း၊ စရ်ဂျဒဟ် ပျပ်ဝပ်ဦးချခြင်းကိုလည်းကောင်း ပြုကြပါသည်။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် အရှင်မြတ် အထံတော်သို့သာလျှင် အပြေး အလွှားလာကြပါသည်။ ထိုမှတစ်ပါး ကျွန်တော်မျိုးတို့သည် အရှင်မြတ်၏ ကရုဏာတော်ကိုသာလျှင် မျှော်လင့်ကြပါသည်။ ၎င်းပြင် ကျွန်တော်မျိုး တို့သည် အရှင်မြတ်၏ ပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်ကြပါသည်။ အရှင်မြတ်၏ ပြစ်ဒဏ်သည်ကား ကာဖစ်ရ်မယုံမကြည် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့၌ ဧကန်မလွဲ ဆိုက်ရောက်မည် ဖြစ်ပါသတည်း။

စလာမ်လှည့်ပြီးနောက် ဖတ်ရသောဒုအာ

اَللّٰهُمَّ أَنْتَ السَّلَامُ وَمِنْكَ السَّلَامُ تَبَارَكْتَ يَا ذَا الْجَلَالِ وَالْإِكْرَامِ.

အဓိပ္ပါယ်

အို - အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည်ပင်လျှင် ငြိမ်းချမ်းမှုကို ပေးသနားတော်မူသော အရှင်ဖြစ်တော်မူပါသည်။ ထို့ပြင် အရှင်မြတ် အထံ တော်မှသာလျှင် ငြိမ်းချမ်းမှုကိုရနိုင်ပါသည်။ အို-ဘုန်းသမ္ဘာနှင့် ပြည့်စုံတော် မူသော၊ ရက်ရောစွာချီးမြင့်ပေးသနားတော်မူသော အရှင်၊ အရှင်မြတ်သည် ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံတော်မူပါသတည်း။

၎င်းပြင်... سُبْحَانَ اللّٰهِ

အလ္လာဟ်အရှင်မြတ်သည် စင်ကြယ် သန့်ရှင်းတော်မူ၏။ (၃၃-ကြိမ်)

اَلْحَمْدُ لِلّٰهِ

ချီးမွမ်းထောမနာ အပေါင်းကို အလ္လာဟ်အရှင်မြတ်သာလျှင် ခံယူ ထိုက်တော်မူ၏။ (၃၃-ကြိမ်)

اَللّٰهُ أَكْبَرُ

အလ္လာဟ်အရှင်မြတ်သည် အကြီးအကဲဆုံး ဖြစ်တော်မူ၏။ (၃၄-ကြိမ်) ရွတ်ဖတ်ရမည်။

“သယန်မွမ်” အကြောင်းနှင့် “သယန်မွမ်” ပြုနည်း

အကြင်သူ တစ်ဦးတစ်ယောက်၌ ဝုဇူပြုရန်၊ သို့မဟုတ် ရေချိုးရန် တာဝန်ရှိသော်လည်း၊ ရေမရလျှင်သော်လည်းကောင်း၊ ရောဂါတိုးမည်ကို စိုးရိမ်ရလျှင်သော် လည်းကောင်း၊ မမာမကျန်း ဖြစ်မည်ကို စိုးရိမ်လျှင်သော်လည်းကောင်း၊ ရေတွင်းမှရေငင်ရန်ကြိုး၊ သို့မဟုတ် ရေပုံးမရှိလျှင်သော်လည်းကောင်း၊ ရန်သူကို စိုးရိမ်ရလျှင်သော်လည်းကောင်း၊ ခရီးသွားရာ၌ ရေနှင့် တစ်မိုင်ခရီးဝေးနေလျှင် သော်လည်းကောင်း သယန်မွမ် ပြုပိုင်ခွင့်ရှိ၏။

“သယန်မွမ်” ပြုရာ၌ “နီယသ်” ပြုခြင်းသည် “ဖရဇ်” ဖြစ်သည်။ ဆိုလိုရင်းမှာ သယန်မွမ်ပြုသောအခါ “ဟာဒဆ်” (ဝါ) ဝုဇူမရှိခြင်း၊ သို့မဟုတ် “ဂုစွလ်” မရှိခြင်းကို ပပျောက်စေရန် သယန်မွမ်ပြုကြောင်းရည်စူးရမည်။ ယင်းကဲ့သို့ ရည်စူးလျက် လက်ဖဝါးနှစ်ဘက်ကို သန့်ပြန့်သော မြေကြီးပေါ်သို့ ရိုက်ရမည်။ ထို့နောက် လက်နှစ်ဘက်ကိုခါ၍ ဝုဇူပြုသောအခါ မျက်နှာသစ်သကဲ့သို့ပင် နဖူးဆံစမှ မေးစေ့အောက်အထိ၊ တစ်ဘက်နားရင်းမှတစ်ဘက်နားရင်းအထိ မျက်နှာတစ်ခုလုံးကို ပွတ်သပ်ရမည်။ ထို့နောက် ဒုတိယအကြိမ် လက်ဖဝါးနှစ်ဘက်ကို မြေကြီးပေါ်ရိုက်၍ ခါပြီးလျှင် လက်နှစ်ဘက်ကို တံတောင်ဆစ်ပါ ပွတ်သပ်ရမည်။ လက်ချောင်းများ၏အကြား၌လည်း လက်ချောင်းများဖြင့် ပွတ်သပ်၍ပေးရမည်။ ကျောက်ခဲပေါ်၌လည်း ဖုန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လက်ဖဝါးရိုက်၍ သယန်မွမ်ပြုပိုင်ခွင့်ရှိ၏။ ဝုဇူကို ပျက်စေသော အချက်များသည် သယန်မွမ်ကိုလည်း ပျက်စေသည်။ ထို့ပြင် ရေရခဲ့လျှင် သို့မဟုတ် ရေအသုံးပြုနိုင်ခဲ့လျှင်လည်း သယန်မွမ် ပျက်သွားလေသတည်း။

“ဆွလာသ်” ဝတ်ပြုချိန်နှင့် “ရကာအသ်” များ

“ဖဂျရ်” အချိန်မှာ “ဆွဗ်ဟေဆွာဒစ်က်” နံနက်နေမထွက်မီတစ်နာရီနှင့် ဆယ့်ငါးမိနစ်ခန့် အချိန်မှစ၍ နေထွက်သည်အထိဖြစ်၏။ “ဇိုဟ်ရ်” အချိန်မှာ နေမွန်းလွဲသည်မှ အရာဝတ္ထုတိုင်း၏ အရိပ်နှစ်ဆဖြစ်လာသည်အထိဖြစ်၏။ နှစ်ဆဆိုသည်မှာ မူလအရိပ်အပြင် နှစ်ဆဖြစ်ခြင်းကို ဆိုလိုသည်။ မူလအရိပ်ဟူသည် နေမွန်းတည့်နေသောအခါ၌ရှိသော အရိပ်ကိုခေါ်သည်။ (ရှင်းချက်။ ဥပမာ - နေမွန်းတည့်သောအချိန်၌ တုတ်ချောင်းကို ထောင်လိုက်သောအခါ၊ မြေပေါ်ကျသောအရိပ်မှာ မူလအရိပ်မည်၏။ တစ်ဖန် အတန်ကြာပြီးနောက် တုတ်ချောင်းကိုပြန်လည်၍ ထောင်ကြည့်သောအခါ ၎င်း၏အရိပ်မှာ မူလအရိပ်ကို ပယ်ပြီးနောက် ထိုတုတ်ချောင်း၏ နှစ်ဆဖြစ်ခဲ့သော်၊ “ဇုဟ်ရ်” အချိန် ကုန်ဆုံးသွားပေမည်။)



“အဆွရ်” အချိန်မှာ “ဇိုဟ်ရ်” အချိန်ကုန်ဆုံးပြီးသည်မှစ၍ နေဝင်သည်အထိဖြစ်၏။ သို့သော် နေရောင်ဝါသွားပြီးနောက်အချိန်မှာ “မတ်က်ရူဟ်”

အချိန်ဖြစ်သည်။ "မဂ်ရစ်ဗ်" အချိန်မှာ နေဝင်သည်မှစ၍ အနီရောင် ပျောက်ကွယ်သွားသည်အထိဖြစ်၏။ ထိုမှစ၍ "ဆွဗ်ဟေဆွာဒစ်က်" နေမထွက်မီ တစ်နာရီနှင့်ဆယ့်ငါးမိနစ်ခန့် အချိန်အထိ "အိရှာ" အချိန်ဖြစ်၏။ သို့သော် ညဥ့်နက်သန်းခေါင်ယံကျော်ပြီးနောက် အချိန်မှာ "မတ်က်ရူဟ်" အချိန်ဖြစ်သည်။ "ဝစ်သ်ရ်" အချိန်မှာ "အိရှာ" ဖတ်ပြီးသည်နောက်မှစ၍ "ဆွဗ်ဟေဆွာဒစ်က်" နေမထွက်မီတစ်နာရီနှင့် ဆယ့်ငါးမိနစ်ခန့် အချိန်အထိ ဖြစ်၏။ အီးဒ်နှစ်အီးဒ်၏ ဆွလားသ် အချိန်မှာ နေထွက်ပြီးနောက် ဝါးတစ်ပြန်မျှမြင့်လာသည်မှစ၍ မွန်းလွဲသည်အထိ ဖြစ်သည်။

ဆွလာသ်၏ရကာအသ်များ

"ဖဂျ်ရ်ဆွလာသ်" မှာ စွန္နသ် ၂-ရကာအသ်။ "ဖရ်ဇ်" ၂ - ရကာအသ် ဖြစ်၏။ "ဇိုဟ်ရ် ဆွလာသ်" မှာ စွန္နသ် ၄-ရကာအသ်၊ ဖရ်ဇ် ၄-ရကာအသ်၊ စွန္နသ် ၂-ရကာအသ် ဖြစ်၏။ "အဆွရ်ရ်ဆွလာသ်"မှာ စွန္နသ် ၄-ရကာအသ်၊ ဖရ်ဇ် ၄ - ရကာအသ် ဖြစ်၏။ "မဂ်ရစ်ဗ် ဆွလာသ်"မှာ ဖရ်ဇ် ၃-ရကာအသ်၊ စွန္နသ် ၂-ရကာအသ်ဖြစ်၏။ "အိရှာဆွလာသ်"မှာ စွန္နသ် ၄- ရကာအသ်၊ ဖရ်ဇ် ၄-ရကာအသ်၊ စွန္နသ် ၂-ရကာအသ်၊ "ဝစ်သ်ရ်" ၃-ရကာအသ် "ဝါဂျစ်ဗ်" ဖြစ်၏။ "ဝစ်သ်ရ်"၌ တတိယ ရကာအသ်တွင် "ရူကူအ်" မပြုမီ "ဒုအာကုနူသ်" ဖတ်ရလေသည်။ "ဂျုမုအဟ်ဆွလာသ်" မှာ စွန္နသ် ၄-ရကာအသ်၊ ဖရ်ဇ် ၂-ရကာအသ်၊ စွန္နသ် ၆-ရကာအသ်ဖြစ်၏။ "ရမဇာန်" လမြတ်တွင် "အိရှာ" အပြီး "ဂျမာအသ်" နှင့် ၂၀-ရကာအသ်၊ "သရာဝီဟ် ဆွလာသ်" ဝတ်ပြုခြင်းသည် စွန္နသ်ဖြစ်၏။ "အိဒွလ်ဖစ်သွ်ရ်" နှင့် "အိဒွလ်အဒ္ဒွဟာ" ၌ ၂-ရကာအသ်စီ ဆွလာသ်ဝတ်ပြုခြင်းမှာ "ဝါဂျစ်ဗ်"ဖြစ်သည်။

အကယ်၍ သောကြာနေ့တွင် "ခွသ်ဗဟ်" လည်းစနေပြီးဖြစ်သည်။ အကြင်သူတစ်ဦးတစ်ယောက်သည်လည်း စွန္နသ်ဖတ်ရန်နီယသ် ပြုပြီးခဲ့လျှင်၊

စွန္နသ်ကို ပြီးဆုံးအောင်ဖတ်ပြီး "ခွသ်ဗဟ်"ကို နားထောင်ရမည်။ အကယ်၍ စွန္နသ်ဖတ်ရန် နီယသ်မချည်ရသေးလျှင် စွန္နသ်မဖတ်ဘဲ ခွသ်ဗဟ် နားထောင်ရမည်။ ဂျုမုအဟ် ဖရဇ်ပြီးမှ၊ ထိုမဖတ်ရသေးသော စွန္နသ်ကို ဖတ်ရမည်။ ထို့အတူ "ဖရဇ်ဂျမာအသ်" လည်း စနေပြီးဖြစ်၍ အကြင်သူသည် စွန္နသ်ဖတ်ရန် နီယသ်ပြုပြီးလျှင် စွန္နသ်ကိုပြီးဆုံးအောင် ဖတ်ပြီးမှ ဂျမာအသ်နှင့်အတူ ဖရဇ်ကို ဖတ်ရမည်။ အကယ်၍ နီယသ်မပြုရသေးလျှင် စွန္နသ်ကိုမဖတ်ဘဲ ဂျမာအသ်နှင့်အတူ ဖရဇ်ကိုဖတ်ရမည်။ ဖရဇ်ပြီးမှ လွတ်သွားသော စွန္နသ်ကိုဖတ်ရမည်ဖြစ်သည်။ သို့ရာတွင် ဖဂျရ်အချိန်တွင် ဖရဇ် ၁-ရကအသ် မီနိုင်သည်ဟု မျှော်လင့်ချက်ရှိခဲ့လျှင် တစ်စုံတစ်ရာ၏ အကွယ်၌စွန္နသ်ဖတ်ပြီးမှ ဂျမာအသ်သို့ ဝင်ရောက်ရမည်။ အကယ်၍ ထိုသို့မျှော်လင့်ချက်မရှိလျှင်၊ စွန္နသ် မဖတ်ဘဲ ဂျမအသ်နှင့်အတူ ဝင်ရောက်၍ ဖရဇ်ကို ဖတ်ရမည်။ စွန္နသ်ကို နေထွက်ပြီးမှ ဖတ်ရမည်။

ဆွလာသ်ဝတ်ပြုမှုနှင့် စပ်လျဉ်းသော "ဖရဇ်"နှင့် "ဝါဂျစ်ဗ်" အချက်များ

ဖရဇ်ဖြစ်သော အချက်များ



(၁) ခန္ဓာကိုယ် စင်ကြယ် သန့်ရှင်းခြင်း။ (၂) အဝတ်အစား စင်ကြယ် သန့်ပြန့်ခြင်း။ (၃) အရှက်အင်္ဂါဖုံးအုပ်ခြင်း။ ယောကျ်ားများမှာ ချက်မှ ဒူးအောက်အထိ လုံခြုံစွာဖုံးခြင်း။ မိန်းမများမှာ မျက်နှာ၊ လက်ဖဝါးနစ်ဖက်နှင့် ခြေနစ်ဖက်မှအပ တစ်ကိုယ်လုံး လုံခြုံစွာ ဖုံးအုပ်ခြင်းသည် ဖရဇ်ဖြစ်သည်။ (၄) နေရာသန့်ခြင်း။ (၅) ဆွလာသ် အချိန်ကျရောက်ခြင်း။ (၆) "ကစ်ဗ်လဟ်" ဘက်သို့မျက်နှာမူခြင်း။ (၇) နီယသ် (ဆွလာသ်ပြုရန်)ရည်စူးခြင်း။ (၈) သတ်က်ဗီရ် သဟ်ရီမဟ် ဆိုခြင်း။ (၉) ကိယာမ် ရပ်ခြင်း။ (၁၀) ကိရာအသ် (ဝါ) ရှည်သော

အာယသ်တစ်ပုဒ် သို့မဟုတ် တိုသောအာယသ် သုံးပုဒ်နှင့်အညီ ကုရ်အာန် ဖတ်ခြင်း။ (၁၁) ရုကူအ်ဦးညွှတ်ခြင်း။ (၁၂) စဂျ်ဒဟ်ပျပ်ဝပ်ဦးချခြင်း။ (၁၃) ကအ်ဒဟ်အခ်ီရဟ် နောက်ဆုံးထိုင်ခြင်း။ (၁၄) မိမိရည်ရွယ်ချက်နှင့် ဆွလာသ် ကို အဆုံးသတ်ခြင်းတို့ဖြစ်သည်။ ဖော်ပြပါ အချက်များအနက် တစ်စုံတစ်ခု လွတ်သွားခဲ့လျှင် ဆွလာသ် ပိုင်မည် မဟုတ်ပေ။

ဝါဂျစ်ဗ်ဖြစ်သောအချက်များ

(၁) "စူရဟ်ဖာသိဟဟ်" အလ်ဟမ်ဒု အစအဆုံးဖတ်ခြင်း။ (၂) "စူရဟ်" တစ်ခုခုတွဲခြင်း။ (၃) "ဖရ်ဇ်ဆွလာသ်"၌ ပထမနှစ်ရကအသ်တွင် ကိရာအသ်ဖတ်ခြင်း။ (၄) "ရုကူအ်"မှ ထသောအခါ တည့်မတ်စွာရပ်ခြင်း။ (၅) "စဂျ်ဒဟ်" နှစ်ခုအကြား၌ "သက်စ်ဗီဟ်" (စွဗ်ဟာနလ္လာဟ်) တစ်ကြိမ်ခန့် ဆိုင်းငံ့ခြင်း။ (၆) ပထမ " ကအ်ဒဟ်" ထိုင်ခြင်း။ (၇) "သရှဟ်ဟွဒ်" ဖတ်ခြင်း။ (၈) အတ်စွလာမု အလိုက်ကွမ် ဝရဟ် မသ္လလွာဟ် ဆို၍ ဆွလာသ်အပြီးသတ်ခြင်း။ (၉) "ဗိုဟ်ရ်"နှင့် "အဆွရ်" တွင် တိုးတိုးစွာ "ကိရာအသ်" ဖတ်ခြင်း။ (၁၀) မဂ်ရစ်ဗ်၊ အိရှာ၊ ဖဂျ်ရ်၊ သရာဝီဟ်၊ ဂျုမုအဟ်နှင့် အီးဒ် ဆွလာသ်များတွင် အသံကျယ်စွာ "ကိရာအသ်" ဖတ်ခြင်း။ (၁၁) "ဝစ်သ်ရ်ဆွလာသ်" တွင် ကူနူးသ် ဖတ်ခြင်း။ (၁၂) အီးဒ်ဆွလာသ်များတွင် "သတ်ကဗ်ဗီရ်" အပို ၆-ကြိမ်ဆိုခြင်းတို့ဖြစ်သည်။ အကယ်၍ ဖော်ပြပါ "ဝါဂျစ်ဗ်" အချက်များအနက် တစ်စုံတစ်ရာ မေ့လျော့၍ ပျက်ကွက်ခဲ့လျှင် "စဂျ်ဒဟ်စဟ်ဝ်" ပြုခြင်းသည် ဝါဂျစ်ဗ်ဖြစ်သည်။ အကယ်၍ သိလျက်နှင့် ပျက်ကွက်ခဲ့သော်၊ ဖရ်ဇ်တာဝန်ကျေသွားသော်လည်း တစ်ဖန်ပြန်၍ ဆွလာသ်ဝတ်ပြုခြင်းသည် "ဝါဂျစ်ဗ်" ဖြစ်သည်။

စဂျ်ဒဟ်စဟ်ဝ်

ဆွလာသ်အတွင်း၌ ဝါဂျစ်ဗ်တစ်ခုခုမေ့လျော့၍ ပျက်ကွက်ခဲ့လျှင် လည်းကောင်း၊ "ဝါဂျစ်ဗ်" တစ်ခုခုကို တစ်ကြိမ်ထက်ပို၍ ပြုမိခဲ့လျှင် လည်းကောင်း၊ ဖရ်ဇ်တစ်ခုခုကို ဆောင်ရွက်ရာ၌ အချိန်နောက်ကျခဲ့လျှင် လည်းကောင်း "စဂျ်ဒဟ်စဟ်ဝ်" ဝါဂျစ်ဗ် ဖြစ်သည်။



စဂျ်ဒဟ်စဟ်ဝ် ပြုနည်းမှာ "သရှဟ်ဟွဒ်" ဖတ်ပြီးလျှင် တစ်ဖက်တည်း စလာမ်လှည့်၍ ဖြစ်စေ၊ နှစ်ဖက်လုံး စလာမ်လှည့်၍ ဖြစ်စေ စဂျ်ဒဟ် ၂ - ကြိမ် ပြုရမည်။ ထို့နောက် တစ်ဖန်သရှဟ်ဟွဒ်၊ ဒရူးဒ်စသည်တို့ကိုဖတ် ပြီးလျှင် "စလာမ်" လှည့်၍ ဆွလာသ်ကို အပြီးသတ်ရမည်။ ဂျမာအသ်နှင့်ဝတ်ပြုသော ဆွလာသ်တွင် တစ်ဖက်တည်း စလာမ်လှည့်၍ "စဂျ်ဒဟ်စဟ်ဝ်" ပြုသင့်၏။ အီးဒ် ဆွလာသ်တိုင်းတွင် လည်းကောင်း၊ ဂျမာအသ်များပြားလှစွာသော ဆွလာသ်တိုင်းတွင် လည်းကောင်း၊ လူများလှသဖြင့် အမှားမှားအယွင်းယွင်း ဖြစ်မည်စိုး၍ စဂျ်ဒဟ်စဟ်ဝ် ပြုရန် မလိုတော့ပေ။

ဆွလာသ်ဝတ်ပြုမှု၌ စွန္နသ်ဖြစ်သောအချက်များ

(၁) "သတ်က်ဗီရ်သဟ်ရီမဟ်" ဆိုသောအခါ လက်နှစ်ဖက်ကို နားအထိမြှောက်ခြင်း။ (၂) ချက်အောက်တွင် လက်ပိုက်ခြင်း၊ အမျိုးသမီးများမှာ ရင်ဘတ်ပေါ်၌ လက်ပိုက်ခြင်း။ (၃) "စွဗ်ဟာနကလ္လာဟွမ္မ" အဆုံးတိုင်အောင် ဖတ်ခြင်း။ (၄) "အအူဇု" အဆုံးတိုင်ဖတ်ခြင်း။ (၅) "ဗစ္စမစ်လ္လာဟ်" အဆုံးတိုင် ဖတ်ခြင်း။ (၆) "ရုကူအ်"၊ "စဂျ်ဒဟ်" သို့သွားရာ၌ "အလ္လာဟု အတ်က်ဗရ်" ဆိုခြင်း။ (၇) "ရုကူအ်" ၌အနည်းဆုံးသုံးကြိမ် "စွဗ်ဟာနရဗ်ဗီယလ်အဇီွမ်" ဆိုခြင်း။ (၈) ရုကူအ်၌ ဒူးခေါင်းကိုလက်ဖြင့် မြဲမြံစွာကိုင်ခြင်း၊ ၎င်းပြင် မိမိ ခြေခုံကို ကြည့်ခြင်း။ (၉) စဂျ်ဒဟ်၌ အနည်းဆုံးသုံးကြိမ် "စွဗ်ဟာန ရဗ်ဗီယလ် အအ်လာ" ဆိုခြင်း၊ ၎င်းပြင် မိမိနှာခေါင်းကို ကြည့်ခြင်း။ (၁၀) အင်္ဂါအစိတ်အပိုင်းခုနစ်ခုဖြင့် စဂျ်ဒဟ်ပြုခြင်း။ (နဖူးနှင့်နှာခေါင်း၊ လက်ဖဝါးနှစ်ဖက်၊ ဒူးနှစ်ဖက်၊ ခြေနှစ်ဖက်၏ခြေချောင်းထိပ်များဖြစ်သည်။) (၁၁) ပထမနှင့် ဒုတိယ "ကအ်ဒဟ်"တွင် ညာဘက်ခြေကိုထောင်ထားကာ၊ လက်ဝဲဘက်ခြေကို ခင်း၍ ထိုင်ခြင်း၊ အမျိုးသမီးများသည် ခြေနှစ်ဖက်လုံးကို လက်ယာဘက်သို့ အပြင်

ထုတ်၍ တင်ပါးပေါ်ထိုင်ခြင်း။ (၁၂) "ဒရူးဒ်ရှရီးဖ်" ဖတ်ခြင်း။ (၁၃) ဒုအာဖတ်ခြင်း။ (၁၄)စလာမ်လှည့်ရာတွင် လက်ယာ၊လက်ဝဲနှစ်ဖက်လုံးကို မျက်နှာလှည့်ခြင်း။ (၁၅) စလာမ်လှည့်သောအခါ"မွတ်က်သဒီများ"နှင့်"မလာအိကဟ်" ကောင်းကင်တမန်များအား စလာမ်မေတ္တာပို့သကြောင်း ရည်စူးခြင်း။ ဖော်ပြပါ စွန္နသ်များအနက် တစ်စုံတစ်ရာ လွတ်သွားလျှင် "စဂျ်ဒဟ်စဟ်ဝ်" ပြုရန် မလိုပေ။ ဆွလာသ် ပျက်သွားမည် မဟုတ်ပေ၊ သို့ရာတွင် သိလျက်နှင့် စွန့်ခြင်းသည် အကျိုးကုသိုလ်ယုတ်လျော့စေသည်။

"ဆွလာသ်" ဝတ်ပြုမှု၌ မတ်က်ရှုဟ်ဖြစ်သောအချက်များ

(၁) ခါးထောက်ခြင်း။ (၂) လက်ကို အင်္ကျီလက်အပြင်သို့ ထုတ်၍ ထားခြင်း။ (၃) အင်္ကျီအဝတ်အစားကို စုစည်းထားခြင်း။ (၄) ခန္ဓာကိုယ်ဖြင့် ဖြစ်စေ၊ အဝတ်အစားဖြင့်ဖြစ်စေ ကစားခြင်း။ (၅) လက်ချောင်းများကို ချိုးခြင်း။ (၆) လက်ယာ၊ လက်ဝဲဘက်များသို့ လှည့်၍ကြည့်ခြင်း။ (၇) ယောကျာ်းများသည် ဆံပင်ကိုထုံး၍ ဆွလာသ်ပြုခြင်း။ (၈) လိမ်တွန့်၍ အပျင်းဆန့်ခြင်း။

(၉) ခွေးထိုင်နည်းမျိုးထိုင်ခြင်း။ (၁၀) စဂျ်ဒဟ်ပြုရာ၌ လက်ကိုမြေပေါ်ခင်းထား၍ ဝမ်းဗိုက်နှင့်ပေါင်ထိထားခြင်း။ (၁၁) အကြောင်းမဲ့တင်ပျဉ်ခွေထိုင်ခြင်း။ (၁၂) "အိမာမ်" ရှေ့ဆောင်သည် မစ်ဟ်ရာဗ် အတွင်း၌ ရပ်ခြင်း။ (၁၃) "အိမာမ်" ရှေ့ဆောင်တစ်ဦးတည်း "မွတ်က်သဒီ"များထက် တစ်တောင်မျှမြင့်သော နေရာ၌ရပ်ခြင်း၊ သို့မဟုတ် "မွတ်က်သဒီ"များသည် "အိမာမ်" ရှေ့ဆောင်ထက် တစ်တောင်မြင့်သော နေရာ၌ ရပ်ခြင်း။ (၁၄) တန်းစီ၍ ရပ်သူတို့နှင့်အတူ မရပ်ဘဲ သီးသန့်ရပ်ခြင်း။ (၁၅) ဆွလာသ် ဝတ်ပြုသူတို့၏ ရှေ့တွင်ဖြစ်စေ၊ ဦးခေါင်းထက်မှဖြစ်စေ ရုပ်ပုံ၊ ဓါတ်ပုံများရှိခြင်း။ (၁၆) ရုပ်ပုံပါသော အဝတ် အစားဝတ်၍ ဆွလာသ်ပြုခြင်း။ (၁၇) ပုခုံးပေါ်မှ စောင်သော်လည်းကောင်း၊ အခြားအဝတ်တစ်ခုခုသော်လည်း ကောင်းတွဲလဲချထားခြင်း။ (၁၈) ကျင်ကြီး၊ကျင်ငယ်စွန့်လိုလျှင် လည်းကောင်း၊

ထမင်းဆာနေလျက် လည်းကောင်း ဆွလာသ်ဝတ်ပြုခြင်း။ (၁၉) ဦးခေါင်းပေါ်တွင် ဦးထုပ်အစရှိသော တစ်စုံတစ်ရာမပါဘဲ ဆွလာသ်ဝတ်ပြုခြင်း။ (၂၀) "အာလင်မ်" ပညာရှင်ရှိနေပါလျက် အာလင်မ်မဟုတ်သောသူအား ရှေ့ဆောင်အိမာမ်အဖြစ်တင်ခြင်း။ (၂၁) ကိရာအသ် ဖတ်ရာတွင် အနှောက်အယှက်မဖြစ်စေနိုင်သော ဝတ္ထုတစ်စုံတစ်ရာကို ဥပမာ - ပိုက်ဆံသော်လည်းကောင်း၊ ငွေဒင်္ဂါးသော်လည်းကောင်း၊ အခြားဝတ္ထု တစ်စုံတစ်ရာသော်လည်းကောင်း ပါးစပ်ထဲငုံ၍ ဆွလာသ်ပြုခြင်း၊ အကယ်၍ ကိရာအသ်ဖတ်ရာ၌ အနှောက်အယှက်ဖြစ်စေခဲ့လျှင် လုံးဝ ဆွလာသ် ပိုင်မည်မဟုတ်ပေ။ (၂၂) မျက်စိမှိတ်၍ ဆွလာသ်ပြုခြင်းသည် မတ်က်ရူဟ်ဖြစ်သည်။ သို့ရာတွင် ဆွလာသ်ပြုမှု၌ စိတ်ဝင်စားရန် မျက်စိမှိတ်ခဲ့လျှင် မတ်က်ရူဟ် မဖြစ်ချေ။

"ဆွလာသ်" ပျက်စေသောအချက်များ

(၁) သိလျက်နှင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ စကားပြောမိခြင်း။ (၂) စလာမ် မေတ္တာပို့သခြင်း။ (၃) တစ်စုံတစ်ယောက်က စလာမ်ပို့သည်ကို တုံ့ပြန်ခြင်း။(၄) နှာချေသောသူက အလ်ဟမ်ဒုလစ်လ္လာဟ် ဆိုသည်ကို ကြား၍ "ယရ်ဟမုကလ္လာဟ်" ဟူ၍ တုံ့ပြန်ခြင်း။ (၅) အဇာန်ဆိုသံကို ကြား၍ တုံ့ပြန်ခြင်း။ (၆) မိမိ အိမာမ်အပြင် အခြားသူတစ်ဦးတစ်ယောက် ကိရာအသ်ဖတ်ရာ၌ မှားယွင်းသည်ကို ထောက်ခြင်း။ (၇) ဝမ်းမြောက်ဖွယ် သတင်းတစ်ခုကို ကြား၍ အလ်ဟမ်ဒုလစ်လ္လာဟ်ဆိုခြင်း။ (၈) ဝမ်းနည်းဖွယ် တစ်စုံတစ်ရာကို ကြား၍ အင်န္နာလစ်လ္လာဟ်ဝအင်န္နာအိလိုင်းဟိ ရာဂျိအူးန် ဆိုခြင်း။ (၉) ဟာယ်၊ အို၊ ဟင် ဟု ညည်းညူခြင်း။ (၁၀) ကုရ်အာန်ကို စာအုပ်ကြည့်၍ ဖတ်ခြင်း။ (၁၁) တစ်စုံတစ်ရာစားသောက်ခြင်း။ (၁၂) လက်နှစ်ဖက်ဖြင့် တစ်စုံတစ်ရာ လုပ်ကိုင်ခြင်း။ (၁၃)ကစ်ဗ်လဟ်ဘက်မှ ရင်ဘတ်ကိုလှည့်ခြင်း။ (၁၄) ဖရ်ဇ်ဖြစ်သော အချက်

တစ်ခုခုကို အကြောင်းမဲ့ စွန့်လွှတ်ခြင်း။ (၁၅) စဂျ်ဒဟ်၌ ခြေနစ်ဖက်လုံးကို မ' ထားခြင်း။ (၁၆) အီမာမ်၏ရှေ့သို့ ရောက်နေခြင်း။ (၁၇) အသံထွက်အောင် ရယ်ခြင်း။ (၁၈) ဝူဇူပျက်သွားခြင်း။ (၁၉) နာကျင်မှုကြောင့် ဖြစ်စေ၊ ဒုက္ခတစ်စုံ တစ်ရာကြောင့်ဖြစ်စေ အသံထွက်အောင်ငိုခြင်း။ (၂၀) ကုရ်အာန်ကျမ်းမြတ်ကို အဓိပ္ပါယ်ပြောင်းလဲသွားသည်အထိ မှားယွင်းစွာရွတ်ဖတ်ခြင်း။ (၂၁) လူသား အချင်းချင်း တောင်းလေ့ရှိသော အရာတစ်ခုခုကို ဥပမာ-အစားအသောက်၊ အဝတ်အစား၊ သားမယားစသည်တို့ကို၊ အို- အလ္လာဟ်အရှင်မြတ် ကျွန်တော် မျိုးအား ထမင်းကျွေးတော်မူပါ၊ အဝတ်အစားချီးမြှင့်တော်မူပါ၊ ဇနီးကြင်ယာ ပေးတော်မူပါ စသည်ဖြင့် ဆုတောင်းခြင်း။ (၂၂) ထူးဆန်း အံ့သြဖွယ်သတင်း တစ်စုံတစ်ရာကို ကြား၍ စွဗ်ဟာနလ္လာဟ်ဆိုခြင်း။ (၂၃) မသန့်သောနေရာ၌ စဂျ်ဒဟ် ပျပ်ဝပ်ဦးချခြင်း။

ဂျုမုအဟ်နှင့် စပ်လျဉ်းသော အမိန့်ပညတ်များ

ဂျုမုအဟ်ဆွလာသ်သည်"ဖရဇ်" ဖြစ်သည်။ သို့ရာတွင် ဂျုမုအဟ်ဆွလာသ်ဝတ်ပြုနိုင်ရန် အောက်ဖော်ပြပါ စည်းကမ်းများ လိုအပ်ပေသည်။ (၁) မြို့သော်လည်းကောင်း၊ ရွာကြီး သော်လည်းကောင်းဖြစ်ရမည်။ (၂)ကျန်းမာရမည်။ (၃) လွတ်လပ်သူ (ကျွန်မဟုတ်သူ) ဖြစ်ရမည်။ (၄) အမျိုးသား ဖြစ်ရမည်။ (၅) အရွယ်ရောက်ပြီး၊ အသိဉာဏ်ကောင်းသူလည်း ဖြစ်ရမည်။ (၆)မျက်စိ မမြင်သူ၊ ခြေမစွမ်းမသန်သောသူ မဖြစ်ရ။ (၇) "ဇိုဟ်ရ်" အချိန် ဖြစ်ရမည်။ (၈)"ခွုသ်ဗဟ်" ဖတ်ရမည်။ (၉) "ဂျမာအသ်" (ဝါ) အီမာမ်အပြင် အနည်းဆုံး လူသုံးယောက်ရှိရမည်။

အကယ်၍ "ဂျုမုအဟ် ဆွလာသ်ဝတ်ပြုရန် တာဝန်မရှိသော လူများ သည်လည်း ဂျုမုအဟ် ဆွလာသ်ဝတ်ပြုခဲ့လျှင် ပြုပိုင်ခွင့်ရှိ၏။

ဂျုမုအဟ်ဆွလာသ် ဝတ်မပြုမီ ရေချိုးခြင်းသည် စွန္နသ်ဖြစ်သည်။ ကောင်းမွန်သော အဝတ်အစားဝတ်ခြင်း၊ အမွှေးအကြိုင် လိမ်းခြင်းတို့မှာ "မွတ်စ်သဟဗ်"ဖြစ်သည်။ "ပထမအဇာန်"ဆိုသည်နှင့် တစ်ပြိုင်နက် အရောင်းအဝယ်နှင့်တကွ အလုပ်အကိုင်အားလုံးကိုစွန့်၍ "ဂျုမုအဟ်ဆွလာသ်" ဝတ်ပြုရန် သွားခြင်းသည် "ဝါဂျစ်ဗ်" ဖြစ်သည်။ "ဒုတိယအဇာန်" ဆို၍ ရှေ့ဆောင်အိမာမ်သည် "ခွသ်ဗဟ်"ဖတ်မည် ပြုသောအခါ အားလုံးသည် ဆိတ်ငြိမ်စွာ "ခွသ်ဗဟ်" နားထောင်ကြရမည်။ ရှေ့ဆောင်အိမာမ် "ခွသ်ဗဟ်" ဖတ်နေစဉ် ဆွလာသ်ဝတ်ပြုခြင်း၊ စကားပြောခြင်းတို့ ပြုပိုင်ခွင့်မရှိပေ။ အိမာမ်သည် မတ်မတ်ရပ်လျက် "ခွသ်ဗဟ်" နှစ်ခုဖတ်ရမည်။ "ခွသ်ဗဟ်" နှစ်ခုအကြား အာယသ် သုံးပုဒ်ခန့်ကြာအောင် ထိုင်ရမည်။ "ခွသ်ဗဟ်" ပြီးလျှင်၊ "ဂျုမုအဟ် ဖရဇ် ဆွလာသ်" ၂-ရကအတ် ပြုရမည်။

အီးဒ်နေ့များနှင့်စပ်လျဉ်းသော ပညတ်ချက်များ

အီးဒ်နေ့များတွင် ဆွလာသ် ဝတ်ပြုခြင်း

အီးဒ်နေ့များတွင် ဆွလာသ်ဝတ်ပြုခြင်းမှာ "ဝါဂျစ်ဗ်" ဖြစ်၏။"ဂျုမုအဟ်"နှင့် စပ်လျဉ်းသော စည်းကမ်းချက်များသည် အီးဒ်၏ ဆွလာသ်များနှင့်လည်း သက်ဆိုင်၏။ သို့ရာတွင် အီးဒ်နေ့များတွင် "ခွသ်ဗဟ်"ဖတ်ခြင်းမှာ ဖရဇ်မဟုတ်ပေ။ အီးဒ်ဆွလာသ် အပြီးတွင် ခွသ်ဗဟ်ဖတ်ခြင်းသည် စွန္နသ်ဖြစ်၏။ အီးဒ်နေ့များတွင် အီးဒ်ဆွလာသ်ဝတ်ပြုရန် အဇာန်နှင့် အေ့ကာမသ် မဆိုရ၊ အီးဒ် ဆွလာသ် အချိန်ကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်၏။

အီးဒ်နေ့များတွင် ရေချိုးပြီး ကောင်းမွန်သော အဝတ်အစားကို ဝတ်ရမည်။ အမွှေးအကြိုင်လိမ်းရမည်။ အီဒွလ်ဖစ်သ့်တွင် အိမ်မှမထွက်မီ ဖစ်သ့်ရဟ်ပေးခဲ့ရမည်။ ထို့နောက် အချိုတစ်ခုစားရမည်။ ထို့နောက် စောစောစီးစီး

အီးဒ်ဂါဟ်သို့ သွားရမည်။ လမ်းတွင်တီးတိုးစွာ သတ်က်ဗီရ်ဆိုလျက် သွားရမည်။ အီးဒ် ဆွလာသ်မပြုမီ အိမ်၌ဖြစ်စေ၊ အီးဒ်ဂါဟ်၌ဖြစ်စေ၊ နဖိလ်ဆွလာသ် ဝတ်မပြုရ၊ အီးဒ် ဆွလာသ်ပြုပြီးနောက် အီးဒ်ဂါဟ်၌ နဖိလ်ဆွလာသ်မပြုရ။

အီးဒ်ဆွလာသ် နိယသ်ကို ဤကဲ့သို့ပြုရမည်။ "ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်အား ရည်စူး၍ အီဒွလ်ဖစ်သ်ရ် /အီဒွလ်အဒ္ဟာ ဆွလာသ် ၂-ရကာအသ်ကို ဤရှေ့ဆောင်အီမာမ်၏ နောက်မှနေ၍ ဖတ်ပါသည်။ ထို့နောက် အလ္လာဟုအတ်က်ဗရ် ဆိုပြီးလျှင်၊ လက်နှစ်ဖက်ကို မြှောက်၍ ပိုက်လိုက်ရမည်။ ထို့နောက် စွပ်ဟာနကလ္လာဟုမ္မ အဆုံးတိုင်အောင် ဖတ်ရမည်။ ထို့နောက် ရှေ့ဆောင်အိမာမ်သည် သတ်က်ဗီရ်သုံးကြိမ်တိုင်တိုင် ဆိုရမည်။ ထိုသတ်က်ဗီရ်များကို ဆိုရာတွင် သုံးကြိမ်အနက် နှစ်ကြိမ်တွင် လက်မြှောက်ပြီးလျှင် ပြန်ချရမည်။ တတိယအကြိမ် လက်မြှောက်ပြီး ပြန်ပိုက်ရမည်။ မွတ်က်သဒီများလည်း အီမာမ်နည်းတူလိုက်၍ ပြုလုပ်ကြရမည်။ ထို့နောက် အိမာမ်သည် အအူဇု၊ ဗစ္စမစ်လ္လာဟ်ဖတ်ပြီးလျှင်၊ ကိရာအသ် ဖတ်ရမည်။ (ထို့နောက် အခြား ဆွလာသ်များနည်းတူ ရူကူအ်၊ စဂ်ျဒဟ်ပြုပြီးလျှင်၊ ဒုတိယ ရကာအသ်ကို စရမည်။) ဒုတိယရကာအသ်တွင် ရှေ့ဆောင်အိမာမ်သည် ရှေးဦးစွာ ကိရာအသ်ဖတ်ပြီး ရူကူအ်မပြုမီ သတ်က်ဗီရ် သုံးကြိမ်ဆိုရမည်။ ထိုသုံးကြိမ်စလုံးတွင် လက်မြှောက်၍ ပြန်ချလိုက်ရမည်။ တဖန် စတုတ္ထ သတ်က်ဗီရ် ဆိုလျက် ရူကူအ် ပြုရမည်။ (သတ်က်ဗီရ် အပိုခြောက်ကြိမ်ဆိုရာ၌ အိမာမ်နှင့်တကွ မွတ်က်သဒီ အားလုံးပင် လက်နှစ်ဖက်ကို နားအထိ မြှောက်ကြရမည်။)

အီဒွလ်အဒ္ဟာ ဆွလာသ် ဝတ်ပြုနည်းမှာလည်း အထက်ဖော်ပြပါ အတိုင်းပင်ဖြစ်၏။ အီဒွလ်အဒ္ဟာတွင် အီးဒ်ဆွလာသ် မပြုမီ ဘာမျှမစားရ။ အီးဒ် ဆွလာသ်ကို ဝတ်ပြုပြီးနောက် ကုရ်ဗာနီ ပြုလုပ်၍ ထို ကုရ်ဗာနီ အသားကို စားရမည်။ (အချို့သူတို့ကမူ

အီဒွလ်အဒ္ဟာနေ့တွင် အီးဒ်ဆွလာသ်ဝတ်မပြုမီ ယင်းကဲ့သို့ မစားမသောက်ဘဲ နေခြင်းကို ရိုဇာထားခြင်းဟု ယူဆကြသည်မှာ လုံးဝမှား၏။ အီးဒ်နေ့များတွင် ရိုဇာထားခြင်းမှာ ဟရာမ်ဖြစ်သည်။ တစ်ဖန် နေ့တစ်ဝက် ရိုဇာထားခြင်းမှာလည်း တရားတော်၌ အလျဉ်းမရှိပေ။)

အီဒွလ်အဒ္ဟာနေ့တွင် အီးဒ်ဂါဟ်သို့ သွားရာလမ်းတွင် အသံကျယ်စွာ သတ်က်ဗီရ် ဆိုလျက်သွားရမည်။ အီဒွလ်အဒ္ဟာ ဆွလာသ်ကို အီဒွလ်ဖစ်သ်ရ်နေ့ထက် အနည်းငယ်စောစွာ ဖတ်ရမည်။ ၎င်းပြင် ဇုလ်ဟဂ်ျလ ၉-ရက် (အရဖဟ်)နေ့ ဖဂျရ်ဆွလာသ်မှစ၍ ဇုလ်ဟဂ်ျလ ၁၃ရက်နေ့ အဆွရ် ဆွလာသ်အထိ ဂျမာအသ်နှင့်အတူ ဖရဇ်ဆွလာသ်ပြုပြီးတိုင်း အသံကျယ်စွာသတ်က်ဗီရ် (တစ်ကြိမ်)ဆိုခြင်းမှာ ဝါဂျစ်ဗ်ဖြစ်သည်။ ခရီးသည်များ၊ အမျိုးသမီးများအပေါ်ဝယ် သတ်က်ဗီရ် ဆိုခြင်းသည် ဝါဂျစ်ဗ် မဟုတ်ပေ။ သို့ရာတွင် ခရီးသည်မဟုတ်သော ရှေ့ဆောင်အေမာမ်၏ နောက်တွင် ဆွလာသ်ဝတ်ပြုခဲ့လျှင် ၎င်းတို့သည်လည်း သတ်က်ဗီရ် ဆိုကြရမည်။

သတ်က်ဗီရေ သရှ်ရီးက်

اَللّٰهُ أَكْبَرُ اَللّٰهُ أَكْبَرُ لَا إِلٰهَ إِلَّا اللّٰهُ وَاللّٰهُ أَكْبَرُ اَللّٰهُ أَكْبَرُ وَلِلّٰهِ الْحَمْدُ.

အလ္လာဟ်အရှင်မြတ်သည် အကြီးအကဲဆုံး ဖြစ်တော်မူ၏။ (၂ ကြိမ်)။ အလ္လာဟ်အရှင်မြတ်မှတပါး ကိုးကွယ်ရာ အရှင်ဟူ၍ အလျဉ်းမရှိ။ ၎င်းအပြင် အလ္လာဟ်အရှင်မြတ်သည် အကြီးအကဲဆုံးဖြစ်တော်မူ၏။ ချီးမွမ်းထောမနာအပေါင်းတို့ကို အလ္လာဟ်အရှင်မြတ်သာလျှင် ခံယူထိုက်တော်မူ၏။

ကုရ်ဗာနီပြုလုပ်ခြင်းနှင့် စပ်လျဉ်းသော ပညတ်ချက်များ

နိစွာဗ်ရှင် တိုင်းအပေါ်၌ ကုရ်ဗာနီ ပြုလုပ်ရန်မှာ ဝါဂျစ်ဗ်တာဝန်ဖြစ်၏။ ဆိတ်၊ သိုး၊ ဒွန်ဗဟ် (အမြီးထူထပ်သော ဆိတ်မျိုး) တို့မှာ လူတစ်ယောက်အဖို့ တစ်ကောင်၊ နွားမှာ လူ (၇) ယောက်အဖို့ တစ်ကောင်လုံလောက်ပေသည်။ အီဒွလ်အဒ္ဟာနေ့တွင် အီးဒ်ဆွလာသ်ဝတ်ပြုပြီးသည့်အချိန်မှစ၍ ဇုလ်ဟဂ်ျလ

(၁၂) ရက်နေ့ ညနေအချိန်အထိ ကုရ်ဗာနီ ပြုပိုင်ခွင့်ရှိ၏။ ဆိတ်အထီး၊ အမ ဆိုလျှင် တစ်နှစ်အရွယ်ထက်သော် လည်းကောင်း၊ နွားဆိုလျှင်(၂) နှစ်အရွယ် ထက်သော် လည်းကောင်း၊ ကုလားအုတ်ဆိုလျှင် (၅) နှစ်အရွယ်ထက် သော် လည်းကောင်း၊ ငယ်နေလျှင် ကုရ်ဗာနီ ပြုလုပ်ပိုင်ခွင့်မရှိချေ။

ခရီးထွက်ခြင်းနှင့် စပ်လျဉ်းသော အမိန့်ပညတ်ချက်များ

(၃) တိုင်မျှအထိ ခရီးသွားရန် ရည်စူး၍ အိမ်မှထွက်ခဲ့သောသူအား တရားတော်အရ ခရီးသည်ဟူ၍ ခေါ်ဆိုသည်။ ထိုကဲ့သို့သောသူသည် မိမိမြို့၊ရွာ အပြင်သို့ ထွက်လိုက်သည်နှင့်တစ်ပြိုင်နက် ခရီးသည်နှင့် ပတ်သတ်သော အမိန့်ပညတ်ချက်များကို လိုက်နာကျင့်သုံးရမည်ဖြစ်ရာ (၄) ရကာအသ်ပြုရမည့် ဖရဇ် ဆွလာသ်များကို (၂) ရကာအသ်သာလျှင် ပြုရမည်။ ဤသည်ကို "ကဆွ်ရ်" ဟု ခေါ်သည်။ ခရီးတိုင်သုံးတိုင်ဟူသည် အချို့ဓမ္မသတ်ရှင်များ၏ ဆုံးဖြတ်ချက် အရ (၃၆) မိုင်ဖြစ်၍၊ အချို့ဓမ္မသတ်ရှင်များ၏ ဆုံးဖြတ်ချက် အရ (၄၈) မိုင်ဖြစ်သည်။ (ဒုတိယအဆိုမှာ ပိုသင့်မြတ်၏) ယင်းကဲ့သို့ ခရီးထွက်လာပြီးနောက် မြို့တစ်မြို့/ရွာတစ်ရွာတွင် (၁၅) ရက်တိတိ နေထိုင်ရန် ရည်စူးခဲ့လျှင် ဖရဇ် (၄) ရကာအသ် အပြည့်ဖတ်ရမည်။ သို့ရာတွင် လမ်းခရီး တစ်လျှောက်လုံးတွင် (၂) ရကာအသ်သာလျှင် ဖတ်ရမည်။

ဆွလာသွလ်ဂျနာဇဟ်၊ ကဖန်ထုပ်ခြင်း၊ မြေမြှုပ်ခြင်းတို့နှင့် စပ်လျဉ်းသော အမိန့်ပညတ်ချက်များ

အသက်ထွက်အံ့ဆဲဆဲ ဖြစ်နေသောသူ၏ မျက်နှာကို "ကစ်ဗ်လဟ်" ဘက်သို့ လှည့်ပေးပြီးလျှင် ၎င်း၏အပါး၌ ၎င်းသတိရ၍ ကိုယ်တိုင်လည်း ရွတ်ဖတ်နိုင်ရန် ကလိမဟ်ကို အသံကျယ်စွာ ရွတ်ဖတ်ပြရမည်။ သို့ရာတွင် ၎င်းအား ကလိမဟ်ရွတ်ဖတ်ရန် တိုက်တွန်းခြင်းမပြုရ။ အကယ်၍ ၎င်းသည်

တစ်ကြိမ်တစ်ခါ ကလိမပယ် ရွတ်ဖတ်ခဲ့လျှင်၊ ထိုသို့ရွတ်ဖတ်ပြီးနောက် တစ်စုံတစ်ရာ အခြားစကားကို မပြောလျှင် ထိုတစ်ကြိမ်မျှ ရွတ်ဖတ်ခဲ့ခြင်းသည် ၎င်းအဖို့ လုံလောက်ပေပြီ၊ ထို့ပြင် ၎င်း၏အပါး၌ "စုရဟ်ယာစီးန်" ကိုရွတ်ဖတ်သရဇ္ဇာယ်ရမည်။

အသက်ထွက်သွားခဲ့လျှင် ၎င်း၏ပါးစပ်နှင့် မျက်စိများကို ပိတ်ပေး၍ ခန္ဓာကိုယ်အစိတ်အပိုင်းများကိုလည်း နေသားတကျ ဖြစ်အောင်ပြုပေးရမည်။ ထို့နောက် အလောင်းကို စွန္နသ်တော်နှင့်အညီ ရေချိုးပေးကာ ကဖန် (အလောင်းပတ်အထည်)ဖြင့် ထုတ်ရမည်။ ကဖန်မှာ အမျိုးသားများအဖို့ (၃)ထည်၊ အမျိုးသမီးများအဖို့ (၅) ထည်ဖြစ်၏။

(၁) ကုရ်သာ (ကမီဆ်)ခေါ် အင်္ကျီတစ်ထည်၊ (၂) အိဇာရ် ခေါ် လုံချည်တစ်ထည်၊ (၃) လိဖါဖဟ် (ကျာဒရ်) စောင်တစ်ထည်၊ (၂) နှင့် (၃) တို့မှာ စောင်များပင်ဖြစ်ကြသည်။ အမျိုးသမီးများအဖို့ အထက်ဖော်ပြပါ (၃) ထည် အပြင် (၄)ဦးခေါင်းနှင့်ဆံပင်များကိုဖုံးအုပ်ရန် ခိမာရ်(စရ်ဗန်ဒ်)ခေါ် ခေါင်းစည်း တစ်ထည်၊ (၅) ခစ်ရ်ကဟ် (စီနဟ်ဗန်ဒ်)ခေါ် ရင်စည်းတစ်ထည်။



ရှေးဦးစွာ အမှတ်(၃) ဖြစ်သော လိဖာဖဟ်ကိုခင်း၍ ၎င်း၏အပေါ်၌ အမှတ်(၂) အိဇာရ်၊ ၎င်း၏အပေါ်၌ အမှတ်(၁) ကုရ်သာကိုခင်းပြီးလျှင်၊ အလောင်းကို ဦးစွာပထမ ကုရ်သာ အမှတ်(၁) ကိုဝတ်ပေးရမည်။ ထိုနောက် အမှတ် (၂) အိဇာရ်ကို ပထမ လက်ဝဲဘက်မှပတ်၍ နောက်လက်ယာဘက်မှ ပတ်ပေးရမည်။ အမှတ်(၃) လိဖာဖဟ်ကိုလည်း အိဇာရ်နည်းတူ ပတ်ပေးပါလေ။

မိန်းမများဆံပင်ကို အလယ်တည့်တည့်မှ ဘေးတစ်ဖက်တစ်ချက်စီ ခွဲ၍ ကုရ်သာခေါ် အင်္ကျီပေါ်၌ ရင်ပတ်ပေါ်သို့တင်လိုက်ရမည်။ ထို့နောက် စရ်ဗန်ဒ်ခေါ် ခေါင်းစည်းဖြင့် ဖုံးအုပ်၍ပေးရမည်။ ထို့နောက် စီနဟ်ဗန်ဒ်ခေါ် ရင်စည်းကိုပတ်ပြီးလျှင် အိဇာရ်နှင့် လိဖာဖဟ်တို့ကို ပတ်ရမည်။

ဆွလာသွလ်ဂျနာဇဟ်

ဂျနာဇဟ် ဆွလာသ်မှာ ဖရ်ဇွလ်ကိဖာယဟ် ဖြစ်ရာ မွတ်စ်လင်မ်တစ်ဦး၏ အလောင်းကို ဂျနာဇဟ် ဆွလာသ် ဝတ်မပြုဘဲ မြေမြှုပ်ခဲ့လျှင်ထိုအရပ်၌ရှိသောမွတ်စ်လင်မ်အပေါင်းတို့၌အပြစ်ရှိပေမည်။အကယ်၍မွတ်စ်လင်မ် အချို့က ဂျနာဇဟ်ဆွလာသ် ဝတ်ပြုခဲ့လျှင်၊ အားလုံးအပေါ်မှ တာဝန်ကျေသွားပေမည်။

ဂျနာဇဟ်ဆွလာသ်တွင် သတ်က်ဗီရ် လေးကြိမ်ဆိုရ၏။ ပထမ သတ်က်ဗီရ် ဆိုပြီးလျှင်၊ စနာ ဖတ်ရမည်။ စနာတွင် “ဝသအာလာဂျဒ္ဒုက” ဆိုပြီးနောက် “ဝဂျလ္လစနာအုက” လည်းဖြည့်စွက်၍ ရွတ်ဖတ်ရမည်။ ဒုတိယ သတ်က်ဗီရ် ဆိုပြီးလျှင် ဆွလာသ်အတွင်း၌ဖတ်သော ဒရူဒ်အစ်ဗ်ရာဟီမ်ကို ရွတ်ဖတ်ရမည်။ တတိယ သတ်က်ဗီရ်ဆိုပြီးလျှင် ဒုအာကို ဖတ်ရမည်။ (ဒုအာကို အောက်၌ခွဲခြား၍ ရေးသားဖော်ပြထားသည်။) စတုတ္ထ သတ်က်ဗီရ် ဆိုပြီးလျှင် စလာမ်လှည့်ရမည်။

အထက်ဖော်ပြပါ သတ်က်ဗီရ် လေးကြိမ်ဆိုရာ၌ ပထမအကြိမ်တွင် သာလျှင် လက်နှစ်ဖက်မြှောက်၍ ပိုက်လိုက်ရမည်။ ကျန်သတ်က်ဗီရ်များတွင် လက်မမြှောက်ရ။

နီယသ်ပြုရာတွင် သတ်က်ဗီရ်လေးကြိမ် အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်း၊ ကိုယ်တော်မြတ်အပေါ်၌ ဒရူဒ်ပို့သခြင်းနှင့် သူသေ၏ အဖို့ ဆုတောင်းခြင်းတို့ကို ထည့်၍ ရည်စူးရမည်။ သင်္ချိုင်းမှာ ဗင်လီတူးခြင်းသည် ပို၍ကောင်း၏။ ဆွန်ဒူကီခေါ် ရိုးရိုးတူးလျှင်လည်း ဖြစ်သည်။

အလောင်းကို သင်္ချိုင်းတွင်းသို့ ချသောအခါ တွင်း၏လက်ယာဘက်မှ ချရမည်။ အလောင်းကိုတွင်းထဲသို့ ချပေးသောသူသည် "ဗစ္စမစ်လ္လာဟိ၊ ဝအလာမစ်လ္လသိ၊ ရစူလ်လစ်လ္လာဟ်" ရွတ်ဖတ်ရမည်။ တွင်းထဲသို့ချပြီးသော အခါ ဦးခေါင်းနှင့်ခါးများတွင် ချည်ထားသော ကြိုးများကို ဖြေပေးရမည်။ ထို့နောက် အလောင်းကို ကစ်ဗ်လဟ်ဘက်သို့ တစ်ကိုယ်လုံးစောင်းပေးရမည်။ ထို့နောက် အုတ်စိမ်း၊ ဝါး၊ သို့မဟုတ် ပျဉ်ချပ်များစီပြီးလျှင် လူအားလုံးတို့သည် လက်ခုပ်နှစ်ဖက်ဖြင့် မြေကြီးကိုကျုံးယူ၍ သင်္ချိုင်းတွင်းသို့ သုံးကြိမ်စီထည့်ရမည်။ ထိုသို့မြေကြီးထည့်ရာတွင် ပထမအကြိမ်တွင် "မင်န်ဟာခတ်က် နာကွမ်" ဒုတိယအကြိမ်တွင် "ဝဖီဟာနူအီဒုကွန်မ်" တတိယအကြိမ်တွင် "ဝမင်န်ဟာ၊ နွခါရိဂျုကွန်မ်၊ သာရသန်အွခ်ရာ" ရွတ်ဖတ်ရမည်။ မြေကြီးဖို့၍ သင်္ချိုင်းကိုပြုပြင်ပြီးလျှင် သူသေ၏အဖို့ အပြစ်မှ ချမ်းသာရရန် ဆုတောင်း ပတ္တနာ ပြုပေးကြရမည်။

အရွယ်မရောက်သေးသော သားယောကျ်ားကလေး၏
ဂျနာဇဟ်၌ ဖတ်ရသော ဒုအာ

اَللّٰهُمَّ اجْعَلْهُ لَنَا فَرَطًا وَّاجْعَلْهُ لَنَا أَجْرًا وَّذُخْرًا

وَّاجْعَلْهُ لَنَا شَافِعًا وَّمُشَفَّعًا

အဓိပ္ပါယ်

အို အလ္လာဟ်အရှင်မြတ် အရှင်မြတ်သည် ဤကလေးသူငယ်အား ကျွန်တော်မျိုးတို့အဖို့ ကြိုတင်ပို့ထားသော (ကောင်းမှု) ဖြစ်စေတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ဤကလေးသူငယ်အား ကျွန်တော်မျိုးတို့အဖို့ အကျိုးဆုလာဘ်သော်လည်းကောင်း၊ သိုမှီးစုဆောင်းထားသော (ကောင်းမှုသုစရိုက်) ဘဏ္ဍာဥစ္စာသော်လည်းကောင်း ဖြစ်စေတော်မူပါ။ ထို့မှတစ်ပါး အရှင်မြတ်သည် ဤကလေးသူငယ်အား ကျွန်တော်မျိုးတို့အဖို့ ကြားဝင် အသနားခံပေးသော သူသော်လည်းကောင်း၊ ကြားဝင်အသနားခံပေးမှုကို သဘောတူခြင်းခံရသောသူ သော်လည်းကောင်း ဖြစ်စေတော်မူပါ။

အရွယ်မရောက်သေးသော သမီးမိန်းကလေး၏
ဂျနာဇဟ်၌ ဖတ်ရသော ဒုအာ

اَللّٰهُمَّ اجْعَلْهَا لَنَا فَرَطًا وَّاجْعَلْهَا لَنَا أَجْرًا وَّذُخْرًا

وَّاجْعَلْهَا لَنَا شَافِعَةً وَّمُشَفَّعَةً

အဓိပ္ပါယ်

"ဤကလေးသူငယ်"၏ နေရာ၌ "ဤကလေးသူငယ်မ" ဟု ပြောင်းလဲသည်မှတစ်ပါး အထက်တွင် ရေးသားဖော်ပြခဲ့သည့်အရွယ် မရောက်သေးသော သားယောကျ်ားကလေး၏ ဒုအာအဓိပ္ပါယ်နှင့် ထပ်တူထပ်မျှပင် ဖြစ်ပေသည်။

အရွယ်ရောက်ပြီးသော ယောကျာ်း၊ မိန်းမတို့၏ ဂျနာဇဟ်၌ ဖတ်ရသော ဒုအာ

اَللّٰهُمَّ اغْفِرْ لِحَيِّنَا وَمَيِّتِنَا وَشَاهِدِنَا وَغَائِبِنَا وَصَغِيْرِنَا وَكَبِيْرِنَا وَذَكَرِنَا وَأُنْثَانَا، اَللّٰهُمَّ مَنْ أَحْيَيْتَه مِنَّا فَأَحْيِه عَلَى الْإِسْلَامِ، وَمَنْ تَوَفَّيْتَه مِنَّا فَتَوَفَّه عَلَى الْإِيْمَانِ.

အဓိပ္ပါယ်

အို အလ္လာဟ်အရှင်မြတ် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အနက် အသက်ထင်ရှား ရှိနေသူတို့အား လည်းကောင်း၊ ကျွန်တော်မျိုးတို့အနက် သေဆုံးခဲ့သူတို့အားလည်းကောင်း၊ ကျွန်တော်မျိုးတို့အနက် ရှေ့တွင်ရှိနေသူတို့အား လည်းကောင်း၊ ကျွန်တော်မျိုးတို့အနက် ကွယ်ရာ၌ရှိနေသူတို့အား လည်းကောင်း၊ ကျွန်တော်မျိုးတို့အနက် ယောကျာ်းတို့အားလည်းကောင်း၊ ကျွန်တော်မျိုးတို့အနက် မိန်းမတို့အားလည်းကောင်း၊ အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အနက် အသက်ထင်ရှား ရှိစေတော်မူသောသူကို အစ္စလာမ်သာသနာ၌ အသက်ထင်ရှား ထားရှိတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အနက် အသက်ဇီဝိန်ချုပ်ငြိမ်းစေတော်မူသောသူအား အီမာန်သက်ဝင် ယုံကြည်မှုနှင့်တကွ အသက်ဇီဝိန် ချုပ်ငြိမ်းစေတော်မူပါ။

"ဆိဗ်ယာမ်" ဥပုသ်သီလ ဆောက်တည်ခြင်းနှင့် စပ်လျဉ်းသော အမိန့် ပညတ်များ

တစ်နှစ်လျှင်တစ်လ ရမဇာန်လမြတ်၌ ဆိယာမ်ဥပုသ်သီလ ဆောက်တည်ခြင်းသည် ဖရဇ် တာဝန်ဖြစ်၏။ ဖရဇ်ဖြစ်ရန် စည်းကမ်းချက်များမှာ အောက်ပါ အတိုင်းဖြစ်၏။ (၁) မွတ်စ်လင်ဖြစ်ခြင်း။ (၂) အရွယ်ရောက်ခြင်း။

(၃) ဓမ္မတာသွေးဆင်းခြင်းမှသော်လည်းကောင်း၊ ကလေးမျက်နှာမြင်ပြီးနောက် သွေးဆင်းခြင်းမှသော်လည်းကောင်း၊ သန့်ရှင်းစင်ကြယ်ခြင်း။ (ဓမ္မတာသွေးဆင်းခြင်း၊ သို့မဟုတ် ကလေးမျက်နှာမြင်၍ သွေးဆင်းခြင်းများ ရပ်စဲသွားသောအခါ ထိုရက်များက ပျက်ကွက်ခဲ့သော ဆွိုယာမ်ကိုပြန်၍ ကဇ္ဇာဖြည့်ရမည်။) (၄) ဆွိုယာမ်ဥပုသ်သီလ ဆောက်တည်ကြောင်းနီယသ်ပြုခြင်း။ (၅) ခရီးသည် မဟုတ်ဘဲ မိမိမြို့ရွာ၌ နေထိုင်သူဖြစ်ခြင်း။ (၆) ကျန်းမာစွာရှိခြင်းတို့ဖြစ်သည်။

“ဆွဗ်ဟေဆွာဒစ်က်” နံနက် နေမထွက်မီ တစ်နာရီနှင့် တစ်ဆယ့် ငါးမိနစ်ခန့် အချိန်မှစ၍ ညနေ နေဝင်သည်အထိ၊စားသောက်မှု၊ မေထုန် သံဝါသမှုတို့မှ ကြဉ်ရှောင်ခြင်းကို “ဆွိုယာမ် ဥပုသ်သီလ” ဆောက်တည်ခြင်းဟု ခေါ်သည်။ “စဟ်ရီ (ဝါထမင်း)စားခြင်းသည် “စွန္နသ်” ဖြစ်သည်။ “စဟ်ရီ ဝါထမင်းကို အချိန်ဆိုင်း၍စားခြင်းနှင့် နေဝင်သည်နှင့် တစ်ပြိုင်နက် စောလျင်စွာ “အစ်ဖ်သွာရ်” ဝါဖြေခြင်းသည် “မွတ်စ်သဟာဗ်” ဖြစ်သည်။ ထို့အတူ စွန်ပလွန်သီး သို့မဟုတ် ရေဖြင့် ဝါဖြေခြင်း၊ အချည်းနှီးသောစကားများ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းတို့မှာလည်း “မွတ်စ်သဟာဗ်” ဖြစ်သည်။ ဆွိုယာမ် ဆောက်တည်လျက် တစ်စုံတစ်ရာကို မြည်းခြင်း၊ ဝါးခြင်း၊ တစ်စုံတစ်ယောက်ကို နမ်းရှုပ်ခြင်း၊ အတင်းပြောခြင်း၊ မုသားပြောဆိုခြင်း၊ ရန်ဖြစ်ခြင်း၊ စကားများခြင်း၊ ပဋိပက္ခဖြစ်ခြင်းတို့မှာ “မတ်က်ရူဟ်” ဖြစ်သည်။

စားသောက်ခြင်း၊ မေထုန်သံဝါသပြုခြင်းတို့ဖြင့် ဆွိုယာမ်ဥပုသ်သီလ ပျက်သွား၏။ သီလျက်နှင့်ပါးလုတ်အပြည့်အန်လျှင်လည်း “ကဇ္ဇာ” ပြန်ဖြည့်ရသည်။ အီးဒ်နေ့များတွင်လည်းကောင်း အိုက်ယာမွသ်သရှ်ရီက် (ဇုလ်ဟဂ်ျလ၊ ၁၁-၁၂-၁၃)ရက်နေ့များတွင်လည်းကောင်း၊ ဆွိုယာမ်ဆောက်တည်ခြင်းသည် “ဟရာမ်” ဖြစ်သည်။ ဇုလ်ဟဂ်ျ ၁-ရက်နေ့မှ ၉-ရက် (အရဖဟ်)နေ့အထိ

လည်းကောင်း၊ မုဟာရ်ရမ်လ ၉-ရက်နှင့် ၁၀-ရက်နေ့များတွင်လည်းကောင်း၊ ရှောက်ဝါလ်လတွင် ၆-ရက်၊ အစ္စလာမ့်လတိုင်း၏ ၁၃-၁၄ နှင့် ၁၅ ရက်နေ့များ တွင်လည်းကောင်း၊ ရှအ်ဗာန်လ ၁၅ရက်နေ့တွင်လည်းကောင်း၊ ဆွိယာမ် ဥပုသ်သီလဆောက်တည်ခြင်းသည် ကုသိုလ်အကျိုးများပြားလှပေသည်။

ဖစ်သွ်ရဟ်

နိဆာဗ်ရှင်(ဇကာသ်ပေးရန် သတ်မှတ်ထားသော ပစ္စည်းအချိုးအစား များကို ပိုင်ဆိုင်သူ) ဖြစ်သော၊ အရွယ်ရောက်၍ အသိဉာဏ်ကောင်းသော မွတ်စ်လင်မ်တိုင်းအပေါ်၌ မိမိနှင့်မိမိသားသမီးအပြင် မိမိကျွန်များအတွက်ပါ "ဖစ်သွ်ရဟ်" ပေးခြင်းသည် "ဝါဂျစ်ဗ်" တာဝန်ဖြစ်သည်။ သားသမီးဟူသည် အရွယ်မရောက်သေးသော သားငယ်၊ သမီးငယ်တို့ကို ဆိုလိုသည်။ လူ တစ်ယောက်၏ "ဖစ်သွ်ရဟ်" မှာ ဂျုံ (အင်္ဂလိပ်ငွေဒင်္ဂါးဖြင့်) ၁၆၀ ကျပ်သား ဖြစ်သည်။ အကယ်၍ ဂျောင်ဝ် (မုယောဆန်) သို့မဟုတ် စပျစ်သီးခြောက်၊ သို့မဟုတ် စွန်ပလွန်သီးခြောက် ပေးခဲ့လျှင်၊ ၃၂၀ ကျပ်သားဖြစ်သည်။ လူ တစ်ယောက်၏ ဖစ်သွ်ရဟ်ကို လူအများအားဝေပေးခြင်း၊ သို့မဟုတ် လူအများ ၏ ဖစ်သွ်ရဟ်ကို လူတစ်ယောက်အားပေးခြင်း နှစ်မျိုးလုံးပြုပိုင်ခွင့်ရှိ၏။ အကယ်၍ ဆန်အစရှိသည်ကို ပေးခဲ့လျှင်၊ ထိုပစ္စည်း၏ တန်ဖိုးမှာ ဂျုံ ၁၆၀ ကျပ်သား၊ သို့မဟုတ် မုယောဆန် ၃၂၀ ကျပ်သား၏ တန်ဖိုးနှင့် ညီမျှရမည်။

မှတ်ချက်။ ။ မိမိ၏ဇနီးနှင့်အရွယ်ရောက်ပြီးသောသားသမီးများအတွက်"ဖစ်သွ်ရဟ်" ပေးဆောင်ရန် တာဝန်မရှိပေ။ "အီးဒ်ဆွလာသ်" ဝတ်မပြုမီ "ဖစ်သွ်ရဟ်" ပေးခြင်းသည် ထူးမြတ်၏။"စိုက်ယဒ်"သို့မဟုတ် နိဆွာဗ်ရှင် (ဇကာသ်ပေးရန် သတ်မှတ်ထားသော ပစ္စည်း အချိုးအစားကို ပိုင်ဆိုင်သူ) အား ဖစ်သွ်ရဟ်ပေး ပိုင်ခွင့်မရှိချေ။

"ဇကာသ်" နှင့် စပ်လျဉ်းသော ပညတ်ချက်များ

အသိဉာဏ်ကောင်းသော၊ လွတ်လပ်သော၊ အရွယ်ရောက်ပြီး နိဆွာဗ်ရှင် (တရားတော်က ဇကာသ်ပေးရန် သတ်မှတ်ထားသော ပစ္စည်းအမျိုးအစားကို ပိုင်ဆိုင်သူ)ဖြစ်သော မွတ်စ်လင်မ်တိုင်းအပေါ်၌ ဇကာသ်ပေးရန် "ဖရဇ်" တာဝန်ဖြစ်သည်။ သို့ရာတွင်နိဆွာဗ် (ဇကာသ်ပေးရန် သတ်မှတ်ထားသော အမျိုးအစား)နှင့် ညီမျှသော ထိုပစ္စည်းသည် ကြွေးမြီနှင့်လည်းကင်းရမည်။ မိမိလက်ထဲတွင် တစ်နှစ်ပတ်လုံး ရှိခဲ့သော ပစ္စည်းလည်းဖြစ်ရမည်။ ဇကာသ်ပေးရာတွင် ဇကာသ်လက်ခံသူအား ပိုင်ရှင်အဖြစ် (ဝါ) အပိုင်ပေးလိုက်ရမည်။ မိမိ အမိ၊ အဘ၊ အဘိုး၊ အဘွားနှင့် သားသမီးတို့အား ဇကာသ်ပေးပိုင်ခွင့် မရှိချေ။ ထို့အတူ ပစ္စည်းရှိသူ(အနည်းဆုံး နိဆွာဗ်အမျိုးအစားကို ပိုင်ဆိုင်သူ) ကိုလည်းကောင်း၊ စိုက်ယဒ်ကိုလည်းကောင်း ဇကာသ်ပေးပိုင်ခွင့် မရှိပေ။

ငွေ၏ "နိဆွာဗ်" အမျိုးအစား

ငွေ၏ "နိဆာဗ်" အမျိုးအစားမှာ "ဒစ်ရ်ဟမ်" နှစ်ရာ၊ အင်္ဂလိပ်ငွေဒင်္ဂါးဖြင့် ၅၄နှင့် ခြောက်ပိုင်းတစ်ပိုင်းကျပ်သားဖြစ်သည်။ ဤအဆိုမှာ ကျော်ကြားသော အဆိုဖြစ်သည်။ ဤအဆိုအတိုင်း လိုက်နာခြင်းမှာ မယုတ်မလွန်လည်း ဖြစ်ပေသည်။ ဖော်ပြပါ "နိဆွာဗ်" ၏ လေးပုံတစ်ပုံမှာ အင်္ဂလိပ်ငွေဒင်္ဂါးဖြင့် တစ်သုံးပိုင်းတစ်ပိုင်းကျပ်နှင့် နှစ်ရွေးသားဖြစ်သည်။ ထိုထက်ပိုသော ပစ္စည်းကို ဤနည်းအတိုင်း တွက်ယူပါလေ။

ရွှေ၏ "နိဆာဗ်" အမျိုးအစား

ရွှေ၏ "နိဆာဗ်" အမျိုးအစားမှာ "မစ္စကာလ်" ၂၀ အင်္ဂလိပ်ငွေဒင်္ဂါးဖြင့် ခုနစ် သုံးပိုင်းနှစ်ပိုင်းကျပ် လေးရွေးသားဖြစ်သည်။ ၎င်း၏ "ဇကာသ်"မှာ

ခြောက်ပိုင်းတစ်ပိုင်းကျပ်နှင့် နှစ်ပိုင်းတစ်ပိုင်းရွှေးဖြစ်သည်။ ရောင်းကုန်များကို ငွေ သို့မဟုတ် ရွှေဖြင့်တွက်ချက်၍ ထိုအရျိုးအစားအတိုင်း "ဇကာသ်" ပေး ဆောင်ရမည်။

"ဟဂ်ျနှင့်" စပ်လျဉ်းသော ပညတ်ချက်များ

အကြင်သူ၌ မက္ကဟ်မြို့သို့ ယာဉ်ဖြင့်သွား လာနိုင်ရန်နှင့် မိမိ အိမ်သူ အိမ်သားတို့အား မိမိပြန်လာသည်အထိ သုံးစွဲရန် စရိတ်ကို လုံလောက်စွာ ပေးသွားနိုင်လောက်အောင် ပစ္စည်းဥစ္စာရှိခဲ့လျှင်၊ ထိုသူအပေါ်၌ "ဟဂ်ျ" ပြုရန် "ဖရဇ်" တာဝန်ဖြစ်သည်။ "ဟဂ်ျ" နှင့် စပ်လျဉ်းသော စည်းကမ်းချက်များမှာ အောက်ပါ အတိုင်းဖြစ်သည်။

မွတ်စ်လင်မ်ဖြစ်ရမည်။ အရွယ်ရောက်ပြီး အသိဉာဏ်ကောင်းသူ လည်း ဖြစ်ရမည်။ ကျန်းမာသူဖြစ်ရမည်။ (ခရီးသွားလာမှုအတွက်) လမ်းခရီး၌ အန္တရာယ်အယုက် ကင်းရမည်။ အမျိုးသမီးဖြစ်လျှင်၊ အတူလိုက်ရန် "မဟ်ရမ်" လက်ထပ်ပိုင်ခွင့်မရှိသော သွေးရင်းသားရင်း တော်စပ်သော ယောကျာ်း တစ်ယောက်လည်း ရှိရမည်။

"ဟဂ်ျ" တွင် "ဖရဇ်" ဖြစ်သော အချက်များ

"အစ်ဟ်ရာမ်" ခေါ် ဝတ်ရုံကိုဝတ်ခြင်း၊ "အရဖာသ်" ကွင်းပြင်၌ အနည်း ငယ်ဆိုင်းခြင်း၊ "သဝါဖေဇိယာရသ်" ပြုလုပ်ခြင်း၊ ယင်းအချက်တို့ကို အစဉ် လိုက်ပြုခြင်း။

"ဟဂ်ျ" ပြုရာ၌ "ဝါဂျစ်ဗ်"၊ "စွန္နသ်" နှင့် "မွတ်စ်သဟာဗ်" ဖြစ်သော အချက်တို့မှာ အလွန်များပြားလှသည့်ပြင် တစ်ခါတစ်ရံသာလျှင် အရေးကြုံ ကြိုက်လေ့ရှိရာ နားလည်ရန်နှင့် မှတ်သားရန် ခဲယဉ်းလှသောကြောင့် တစ် ကြောင်း၊ အပြည့်အစုံ အသေးစိတ်ဖော်ပြလျှင် အလွန်ရှည်လျားမည် ဖြစ်သော ကြောင့် တစ်ကြောင်း ချန်လှပ်ထားခဲ့ရပေသည်။

"ကဗီရပ်" ခေါ် ကြီးလေးသော ပြစ်မှုဒုစရိုက်များ

တစ်စုံတစ်ရာကို အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက် နှိုင်းယှဉ် ကိုးကွယ်ခြင်း၊ သူတစ်ပါးအသက်ကို (တရားဥပဒေဘောင်အပြင်မှ) သတ်ဖြတ်ခြင်း၊ အတိုးအညှန့်စားခြင်း၊ အတိုးအညှန့်ပေးခြင်း၊ ကာမေသုမိစ္ဆာရ ကျူးလွန်ခြင်း၊ ယောက်ျားအချင်းချင်း သံဝါသပြုခြင်း၊ သို့မဟုတ် မိမိဇနီးနှင့် ကျင်ကြီးစွန့်သော ဒွါရ၌ သံဝါသပြုခြင်း၊ တိရစ္ဆာန်နှင့် သံဝါသပြုခြင်း၊ သေစာအရက်သောက်ခြင်း၊ "ဆွလာသ်" ဝတ်မပြုဘဲနေခြင်း၊ "ဆွိယာမ်" ဥပုသ်သီလမဆောက်တည်ဘဲနေခြင်း၊ "ဇကာသ်" မပေးဘဲနေခြင်း၊ ပစ္စည်းချမ်းသာပါလျက် "ဟဂ်ျ" မပြုဘဲနေခြင်း၊ တစ်ဦးတစ်ယောက်အား မတရားစွပ်စွဲခြင်း၊ မုသားပြောဆိုခြင်း၊ အတင်းပြောခြင်း၊ (ကုန်းချောခြင်း)၊ မုသားသက်သေထွက်ဆိုခြင်း၊ ဖမဲ့ကလေးသူငယ်များ၏ ပစ္စည်းဥစ္စာကို မတရားသဖြင့် စားသုံးခြင်း၊ နိုပ်စက် ညှဉ်းပမ်းခြင်း၊ လှည့်ဖြားခြင်း၊ စစ်မြေပြင်မှ ထွက်ပြေးခဲ့ခြင်း၊ စုန်းပြုစားခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ လောင်းတမ်းကစားခြင်း၊ မိဘနစ်ပါး၏ အမိန့်ကို သော်လည်းကောင်း၊ လင်ခင်ပွန်း၏ အမိန့်ကိုသော်လည်းကောင်း ဖီဆန်ခြင်း၊ ဗေဒင်ဆရာ နက္ခတ်ဆရာများ၏ ဟောပြောချက်ကို ယုံကြည်ခြင်း၊ ခိုးဝှက်ခြင်း၊ လုယက်တိုက်ခိုက်ခြင်း၊ "ကာဖစ်ရ်" မိစ္ဆာဒိဋ္ဌိတို့၏ ထုံးတမ်းစဉ်လာများကို နှစ်သက်ခြင်း၊ ရာသီပန်းပွင့်နေစဉ် (ဇနီးမိန်းမနှင့်) မေထုန်သံဝါသပြုခြင်း၊ အလေး၊ တောင်း၊ တင်း စသည်တို့ကို လျှော့၍ချင်ခြင်း၊ ချိန်တွယ်ခြင်း "သအ်ဗိယဟ်" ပြုလုပ်ခြင်း၊ ပီရ်၊ ဝလီ၊ ယောဂီစသော သူတော်စင်များ၏ သင်္ချိုင်းကို "စဂ်ျဒဟ်" ပျပ်ဝပ်ဦးချခြင်း၊ သို့မဟုတ် "သွဝါဖ်" လှည့်ခြင်း၊ ၎င်းတို့ထံတွင် မိမိတို့အလိုရှိရာများကို တောင်းခံခြင်း၊ ၎င်းတို့အားကိုးခြင်း၊ ၎င်းတို့၏ အမည်နှင့် ဆံပင်ရှည်ထားခြင်း၊ သို့မဟုတ် အဝတ်အစားဝတ်ခြင်း၊ နာရေးကိစ္စတွင် ငိုခြင်းချခြင်း၊ သတို့သားကို စေဟ်ရာပန်းကုံး၊ လက်ကောက်ဝတ်၍ ချည်ပေးလေ့ရှိသော ချည်ကြိုးအစရှိသည်တို့ကို ဆင်မြန်းပေးခြင်း၊ အဝါရောင်ဆိုးထားသော အဝတ်အစားကို ဝတ်ခြင်း၊ ဒန်းဆိုးခြင်း၊ မင်္ဂလာဆောင်ပြီးလေးရက်မြောက်နေ့တွင် လက်ထပ်ပိုင်ခွင့်ရှိသော ယောက်ျားများ

နှင့်အတူ ရောနှောကစားခြင်း၊ ကပွဲကြည့်ခြင်း၊ လက်ထပ်ပိုင်ခွင့်ရှိသော အမျိုးသမီးများ၊ ဒုစရိုက်ကျူးလွန်သူများ အစရှိသူတို့ တေးသီချင်းဆိုခြင်းကို နားထောင်ခြင်း၊ ဗေဒင်ဆရာတို့ထံ မင်္ဂလာထိမ်းမြားမှု ပြုရန်နေ့နံကို မေးခြင်း၊ မုတ်ဆိတ်ရိတ်ခြင်း၊ သို့မဟုတ် လက်တစ်ဆုပ်ထက်လျော့အောင် ညှပ်ပစ်ခြင်း၊ နှာခေါင်းမွှေးရှည်ရှည်ထားခြင်း၊ ယောက်ျားက မိန်းမနှင့်တူအောင် မိန်းမက ယောကျာ်းနှင့်တူအောင် မိမိရုပ်ရည်ကို ပြုလုပ်ခြင်း စသည်တို့ဖြစ်သည်။ အထက်ဖော်ပြပါ "ကဗီရဟ်" ကြီးလေးသော ပြစ်မှုဒုစရိုက်များမှ "သောင်ဗဟ်" အလ္လာဟ်အရှင်မြတ်အထံတော်၌ ဝန်ချတောင်းပန်ခြင်း မပြုသမျှ ချမ်းသာခွင့် ရရှိမည်မဟုတ်ပေ။ အကယ်၍ ထိုပြစ်မှုများကို ကျူးလွန်သောသူသည် "သောင်ဗဟ်"မပြုဘဲ သေဆုံးသွားခဲ့လျှင်၊ ၎င်း၌အပြစ်ရှိသည်နှင့်အမျှ ဂျဟန္နမ် ငရဲဘုံတွင်ပြစ်ဒဏ်ခံရပေမည်။ "ရှစ်ရ်က်" တစ်စုံတစ်ရာကို အလ္လာဟ် အရှင် မြတ်နှင့် တွဲဖက်နိုင်းယှဉ်ကိုးကွယ်မှုကို ကျူးလွန်သောသူကား အမြဲ ထာဝစဉ် ဂျဟန္နမ်ငရဲဘုံ၌ပင် ခံစားရလျက်ရှိပေမည်။ "ဆွဂီရဟ်"သေးငယ်သော ပြစ်မှု များမှာ "အီဗါဒသ်" ဝတ်ပြုမှုများဖြင့် ချမ်းသာခွင့်ရရှိနိုင်ပေသည်။ သို့ရာတွင် "ကဗီရဟ်" ကြီးလေးသော ပြစ်မှုများမှာမူကား "သောင်ဗဟ်" မပြုသမျှ ချမ်းသာခွင့်ရရှိလိမ့်မည် မဟုတ်ပေ။ "ဟုကူကွလ်အိဗါဒ်" လူအချင်းချင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် တာဝန်များ ပျက်ကွက်လျှင် ထိုတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်လိုက်ရန်၊ ခွင့်လွှတ်ရေးအတွက် တောင်းပန်လိုက် ရန် အရေးကြီးပေသည်။

အအာဇနလ္လာဟု၊ ဝအီယာကွန်မ်၊ မင်န်ဟာ။ (အလ္လာဟ်အရှင်မြတ် သည် ကျွန်ုပ်တို့အားလည်းကောင်း၊ အသင်တို့အားလည်းကောင်း၊ ထိုပြစ်မှုတို့ မှ ကာကွယ်စောင့်ရှောက်တော်မူပါစေသတည်း)။

ဘာသာပြန်ဆိုသူ

အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ချောမောစွာ ပြီးသွားပါပြီ။

တမန်တော်မြတ် ﷺ ၏ ဩဝါဒတော်လေးဆယ်

ကုတုဘွလ်အတ်ကတာဗ်၊ ရှိုင်ခွလ်ဟာဒီးဆ် ဟဇရသ် မောင်လာနာ မုဟမ္မဒ် ဇကရီယာ သခင်ကြီးသည် "ဖဇာအိလေကုရ်အာန်"ကျမ်းထဲတွင် တမန်တော်မြတ် ﷺ ၏ "ဩဝါဒတော် လေးဆယ်"ကို ရေးသားတော်မူခဲ့၏။ ယင်းတို့မှာ တိုတောင်း သည့်အပြင် နဗီတမန်တော်မြတ် ﷺ ထံတော်မှတစ်နေရာတည်း၌ လာရှိသည် လည်းဖြစ်၏။ ထိုမှတစ်ပါး ထူးခြားသည်ကား အရေးကြီးသော သာသနာရေးဆိုင်ရာ အချက်အလက်များကို ချုံထားသည်ဖြစ်ရာ ယင်းဩဝါဒတော်နှင့်တူသော ဩဝါဒ တော်မှာ ရှားပါးလှ၏။ သာသနာရေးနှင့် နီးစပ်သော ပုဂ္ဂိုလ်များသည် အနည်းဆုံး ဤဩဝါဒတော် လေးဆယ်ကို အာဂုံဆောင်ထားကြလျှင် ကောင်းလေစွ။ ၎င်းတို့အဖို့ မှာ ပတ္တမြားကို ငွေအကြွေဖြင့် ဝယ်ယူရရှိသကဲ့သို့ ဖြစ်အံ့သတည်း။

စလ်မာန်သခင် رضي الله عنه က ပြောကြားခဲ့၏။ ကျွန်ုပ်သည် ကိုယ်တော်မြတ် ﷺ အား အာဂုံဆောင်ထားလျှင်၊ ဂျန္နသ်သုခဘုံသို့ ပို့ပေးမည်ဟူသော ဩဝါဒတော် လေးဆယ် ဟူသည် မည်သည့်ဩဝါဒတော်များ ဖြစ်ပါသနည်းဟု လျှောက်ထား မေးမြန်းခဲ့ရာ ကိုယ်တော်က မိန့်ကြားတော်မူခဲ့၏။

(၁) အလ္လာဟ်အရှင်မြတ်အား (ဝါ) အရှင်မြတ်နှင့် အရှင်မြတ်၏ ဂုဏ်တော် များကို လည်းကောင်း၊ (၂) အာခိရသ် တမလွန်ဘဝကို လည်းကောင်း၊ (၃)မလာအိကဟ် ကောင်းကင်တမန်တော်အပေါင်းတို့ကိုလည်းကောင်း၊ (၄) ကျမ်းဂန် အပေါင်းတို့ကို လည်းကောင်း၊ (၅) နဗီတမန်တော်အပေါင်းတို့ကို လည်းကောင်း၊ (၆)သေပြီးနောက် ရှင်ပြန်ထခြင်းကိုလည်းကောင်း၊ (၇) အကောင်းအဆိုး ဟူသမျှတို့ သည် အလ္လာဟ်အရှင်မြတ်၏ လက်ဝယ်၌သာ တည်ရှိတော်မူကြောင်းကို လည်း ကောင်း သက်ဝင်ယုံကြည်ခြင်း။ (၈) အလ္လာဟ်အရှင်မြတ်မှတပါး ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍ လုံးဝမရှိကြောင်းနှင့် မုဟမ္မဒ်ကိုယ်တော်မြတ် ﷺ သည် အလ္လာဟ်အရှင် မြတ်၏ ရစူလ်တမန်တော်ဖြစ်ကြောင်း သက်သေခံခြင်း၊ (၉) နမာဇ်တိုင်းကို သူ့အချိန် နှင့်သူ ပြည့်စုံသော ဝုဇူဖြင့် ဆောက်တည်ခြင်း၊ (ပြည့်စုံသော ဝုဇူသည် စည်းကမ်း ချက်များနှင့် မွတ်စ်သဟဗ်ဖြစ်သော အချက်အလက်များပါမကျန် လိုက်နာဆောင်ရွက် ခြင်း အားဖြင့်ပြုသော ဝုဇူကို ဆိုလိုသည်။) နမာဇ်တိုင်းဟုဆိုခြင်းမှာ နမာဇ်အချိန် တိုင်း ဥပမာ - ဖွဟ်ရ်၊ အဆရ် စသည်ဖြင့် အချိန်တိုင်းတွင် ဝုဇူရှိနေသော်လည်း

အသစ်ပြန်လည်ပြုလုပ်၍ဖတ်ခြင်းကို ဆိုလို၏။ ဤသည် မွတ်စ်သဟာဗ် ဖြစ်၏။ နမာဇ်ကို ဆောက်တည်ခြင်းဟူသည် နမာဇ်၏စွန္နသ်၊ မွတ်စ်သဟာဗ် များကို လေးလေးစားစား လိုက်နာခြင်းကို ဆိုလို၏။ ဒြဝါဒတော်တစ်ပါးတွင် إِنَّ تَسْوِيَةَ الصُّفُوْفِ مِنْ إِقَامَةِ الصَّلَاةِ ဂျမာအသ်နှင့်နမာဇ်ဖတ်သောအခါ တန်းစီရာတွင် ကွေ့ကောက်ခြင်း၊ ကြား၌ နေရာလစ်လပ်ခြင်းမရှိအောင် ပြုလုပ်ခြင်းသည်လည်း နမာဇ်ဝတ်ပြု ဆောက်တည်ရာ၌ ပါဝင်ကြောင်း လာရှိ၏။ (၁၀) ဇကာသ်ပေးဆောင်ခြင်း၊ (၁၁) ရမဇာန်လ၌ ရိုဇဟ်စောင့်ခြင်း၊ (၁၂) ပစ္စည်းဥစ္စာရှိလျှင် ဟဂ်ျပြုခြင်း၊ (များသောအားဖြင့် ဟဂ်ျပြုရာ၌ ပစ္စည်းမဲ့ခြင်းသည် ဟန့်တားမှုဖြစ်တတ်သောကြောင့် "ပစ္စည်းရှိလျှင်" ဟု မိန့်ကြားတော်မူခြင်းဖြစ်၏။ စင်စစ်အလိုသဘောမှာ ဟဂ်ျပြုရာ၌လိုအပ်သော စည်းကမ်းချက်များနှင့် ပြည့်စုံလျှင် ဟဂ်ျပြုရမည်ဟူသော သဘောပင်)၊ (၁၃) နေ့စဉ် စွန္နသ်မုအတ်က္ကဒဟ် ၁၂- ရကအသ် ဖတ်ခြင်း၊ (ဤသည်ကို ဒြဝါဒတော် တစ်ပါးတွင် ဤသို့ အသေးစိတ် မိန့်ကြားထားတော်မူ၏။ ဖဂ်ျရ် မဖတ်မီ နှစ်ရကအသ်၊ ဇွဟ်ရ် မဖတ်မီ လေးရကအသ်၊ ဇွဟ်ရ်အပြီး နှစ်ရကအသ်၊ မဂ်ရစ်ဗ်အပြီး နှစ်ရကအသ်၊ အိရှာအ်အပြီး နှစ်ရကအသ်)။ (၁၄) ဝစ်သ်ရ်ကို ညတိုင်း မပျက်မကွက်ဖတ်ခြင်း၊ (ဝစ်သ်ရ်မှာ ဝါဂျစ်ဗ်ဖြစ်၍ စွန္နသ်ထက် အရေးကြီးသောကြောင့် လေးနက်စွာမိန့်ကြားတော်မူခြင်းဖြစ်၏)။ (၁၅) မည်သည့်တစ်စုံတစ်ရာကိုမျှ အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်နိုင်းယှဉ်ခြင်းမပြုရ။ (၁၆) မိဘနှစ်ပါး၏ အမိန့်ကို ဖီဆန်ခြင်းမပြုရ။ (၁၇) မိဘမဲ့ကလေး သူငယ်များ၏ ဥစ္စာပစ္စည်းကို မတရားသဖြင့် စားသုံးခြင်းမပြုရ။ (သဘောမှာ တရားတော်က ခွင့်ပြုထားသောနည်းမှလွဲ၍ စားသုံးခြင်းမပြုရဟူသော သဘောပင်)။ (၁၈) သေရည်သေရက်သောက်စားခြင်းမပြုရ။ (၁၉) ကာမေသုမိစ္ဆာအမှုကို ကျူးလွန်ခြင်းမပြုရ။ (၂၀) မုသား ကျိန်ဆိုခြင်းမပြုရ။ (၂၁) မုသား သက်သေခံခြင်းမပြုရ။ (၂၂) စိတ်အလိုဆန္ဒများကို လိုက်လျောခြင်းမပြုရ။ (၂၃) မွတ်စ်လင်မ်တစ်ဦး တစ်ယောက်၏ နောက်ကွယ်အတင်း မပြောရ။ (၂၄) သန့်ရှင်း စင်ကြယ်သော အမျိုးသမီးအား သွားပုပ်လေလွင့် မပြောရ။ (အလားတူပင် သန့်ရှင်းစင်ကြယ်သော အမျိုးသားကိုလည်း မပြောရ)။ (၂၅) မွတ်စ်လင်မ်တစ်ဦးဦးအပေါ် ရန်ငြိုးမထားရ။ (၂၆) ပျော်ရွှင်မှုကို လိုက်စားခြင်း မပြုရ။ (၂၈) အရပ်ပုသောသူအား ကဲ့ရဲ့သော သဘောနှင့် "ငပု" ဟုမခေါ်ရ။ (သဘောမှာ မကောင်းသော နာမည်တခု ကျော်ကြားနေလျှင် ဥပမာ- ပိန်သော လူတစ်ယောက်သည် "မောင်ပိန်" ဟု အမည်တွင်နေလျှင်

ကဲ့ရဲ့သော သဘောနှင့် ခေါ်ဝေါ်ခြင်းလည်းမဟုတ်လျှင် ထိုသူအား "မောင်ပိန်" ဟု ခေါ် နိုင်၏။ သို့သော် တစ်စုံတစ်ယောက်အား ကဲ့ရဲ့သောအားဖြင့် ထိုကဲ့သို့ ခေါ်ပိုင်ခွင့်မရှိပေ။) (၂၉) တစ်စုံတစ်ယောက်အား ပျက်ချော်သမှုမပြုရ။ (၃၀) မွတ်စ်လင်မ် အချင်းချင်း ကုန်းချောခြင်းမပြုရ။ (၃၁) အလ္လာဟ်အရှင်မြတ်အား ထိုအရှင်မြတ်၏ ကျေးဇူးတော်နှင့်စပ်လျဉ်း၍ ကျေးဇူးတင်ရမည်။ (၃၂) ဘေးဒုက္ခ များနှင်စပ်လျဉ်း၍ သည်းခံရမည်။ (၃၃) အရှင်မြတ်၏ပြစ်ဒဏ်မှ စိုးရိမ်ခြင်း မကင်းရ။ (၃၄) သားချင်းများနှင့် အဆက်မဖြတ်ရ။ (၃၅) ၎င်းတို့နှင့် အဆက် အသွယ်ပြုရမည်။ (၃၆) အလ္လာဟ် အရှင်မြတ်၏ မည်သည့် အဖန်ဆင်းခံကိုမျှ ကျိန်ဆဲခြင်းမပြုရ။ (၃၇) سُبْحَانَ اللهِ وَالْحَمْدُ للهِ وَلَا إِلٰهَ إِلَّا اللهُ وَاللهُ أَكْبَرُ ကို များစွာ ရွတ်ဆိုရမည်။ (၃၈) ဂျုမုအဟ်နှင့် အီးဒ်နှစ်အီးဒ်၏ ဆွလာသ်များကို မစွန့်ရ၊ (၃၉) မိမိ၌ ဆိုက်ရောက်သော ဘေးဒုက္ခနှင့် သုခချမ်းသာတို့မှာ (သတ်က်ဒီရ်၌ သတ်မှတ်ပြီးဖြစ်ရာ) မုချမလွဲ ဆိုက်ရောက်ရမည်သာဖြစ်ပြီး ဆိုက်ရောက်ခြင်းမရှိသော ဒုက္ခနှင့်သုခတို့မှာ ဆိုက်ရောက်ရန် မဟုတ်ကြောင်း ယုံကြည်ရမည်။ (၄၀) မည်သည့်အခြေအနေမျိုး၌မဆို ကုရ်အာန် ကျမ်းမြတ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို စွန့်လွှတ်ခြင်းမပြုရ။

စလ်မာန်သခင်က ကျွန်ုပ်သည် ကိုယ်တော်မြတ် ﷺ အား ဤသြဝါဒတော်များကို အာဂုံဆောင်ထားသော သူသည် မည်သို့သောအကျိုးကို ရရှိပါသနည်းဟု လျှောက်ထားမေးမြန်းခဲ့ရာ ကိုယ်တော်မြတ် ﷺ က ထိုသူသည် နဗီတမန်တော်များနှင့် အိုလမာသာသနာ့ပညာရှင်တို့နှင့်အတူ ရှင်ပြန်ထရမည် ဖြစ်ကြောင်း ပြန်ကြားတော်မူခဲ့သတည်း။

تم بحمد الله